ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 9 October 2023 ၁၁၂၄၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကျိုင်းတုံမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသော အသက်(၁)နှစ်မှ (၅)နှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

နေပြည်တော် အောက်တိုဘာ ၈

ကျန်းမာရေးဝန်ကြီးဌာနသည် အထူးကုဘာသာရပ်ဆိုင်ရာကုသမှုများကို နိုင်ငံသားများအားလုံး လက်လှမ်းမီရရှိနိုင်ရေးအတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ လိုအပ်သောကုသမှုများရရှိနိုင်စေရန် ရန်ကုန်နှင့် မန္တလေးမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ မျက်စိရောဂါ အထူးကုဆေးရုံကြီးနှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီးတို့မှ ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့သို့ သွားရောက်၍ ကျိုင်းတုံမြို့မှ အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသရေးအဖွဲ့သည် နှလုံးရောဂါဆိုင်ရာ လူနာ ၂၀၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ လူနာ ၁၃၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဆိုင်ရာ လူနာ ၃၁ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၅၃ ဦး၊ သွေးရောဂါဆိုင်ရာလူနာ ၂၉ ဦး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ယနေ့ ဖတ်စရာ

နိုင်ငံရေးနည်းဖြင့်သာအဖြေရှာ… ပြိုင်တူတွန်းရင် ရွေ့ပါတယ်

ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံ့ဝင်ငွေတိုးတက်ရေး ထောက်ပံ့ပေးလျက်ရှိသည့် တိုင်းပဲခူး၏ ငါးမွေးမြူရေးလုပ်ငန်းများ

ဆောင်းပါး စာမျက်နှာ » ၈

မွန်ပြည်နယ်အတွင်းရှိ MSMEs လုပ်ငန်းရှင်များ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်တော့မည်

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂

ရုရှားနိုင်ငံက ဥဇဘက်ကစ္စတန်နှင့် ကာဇက်စတန်တို့နှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိ

စာမျက်နှာ » ၁၃

မိုင်းယောင်းမြို့နယ်၌ နဂါးမောက်သီး စိုက်ပျိုးသူများ အဆင်ပြေ

မိုင်းယောင်း အောက်တိုဘာ ၈

မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် နဂါးမောက်သီး ဝယ်ယူစားသုံးမှုများကာ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

နဂါးမောက်သီး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ ပေးရသည်။ ခြံများမှ ဖောက်သည်ယူရာတွင် တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ ဖြင့် ဖောက်သည်ယူရကြောင်း သိရသည်။ ဝမ်တောင်းနှင့် ဝမ်မန်းကျေးရွာအုပ်စုတို့တွင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

ကြေးမုံ

လူမှုစီးပွားနှင့် နိုင်ငံဖွံ့ဖြိုးရေး မီးရထားပို့ဆောင်ရေးမြှင့်တင်

ကုန်းလမ်း၊ ရေကြောင်းနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေးစနစ် သုံးခုတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးစနစ်ရှိ ရထားပို့ဆောင်ရေးလုပ်ငန်းသည် ကုန်ကျစရိတ်အသက်သာဆုံးနှင့် ဝန်စည်အများဆုံး သယ်ဆောင်နိုင်သော ပို့ဆောင်ရေးလုပ်ငန်းဖြစ်သည်။ ရထားပို့ဆောင်ရေးတွင် ခရီးသည်ပို့ဆောင်ရေးအပြင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးအတွက် ကုန်ရထားများ တိုးချဲ့ပြေးဆွဲရေးလုပ်ငန်းများကို နိုင်ငံတိုင်းက အလေးထားဆောင်ရွက်လျက်ရှိသည်။

“သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာလ ၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုလာသည်မှာ နှစ်ပေါင်းတစ်ရာကျော်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း ရထားကွန်ရက်စနစ်များ ဖြန့်ကြက်ထားပြီး ခရီးသည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးကို ယနေ့ထက်တိုင် တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ နှစ်စဉ်တိုးတက်ပြောင်းလဲလာသော နိုင်ငံဖွံ့ဖြိုးမှု၊ လူမှုစီးပွားတိုးတက်မှုအခြေအနေများနှင့် လိုက်လျောညီထွေစွာ ရထားပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်လာစေရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်လျော်ညီစွာ ရထားစက်ခေါင်းများ၊ တွဲဆိုင်းများ၊ သံလမ်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် ရထားစက်ခေါင်းများ ထုတ်လုပ်ရေး၊ ရထားသယ်ယူပို့ဆောင်ရေးကို လျှပ်စစ်အသုံးပြု၍ ပြောင်းလဲပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းထားသည်။

ရထားပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ရထားလမ်းများကောင်းမွန်မှသာလျှင် ရထားစက်ခေါင်းများ၊ ရထားတွဲများ ကြံ့ခိုင်ကောင်းမွန်မည်ဖြစ်သည့်အတွက် ရထားသံလမ်းများ၌ ကျောက်ထည့်သွင်းခြင်း၊ ဇလီဖားတုံးများ ထည့်သွင်းခြင်းတို့ကို စံချိန်စံညွှန်းပြည့်မီရန်နှင့် နည်းစနစ်တကျဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ရထားလမ်းကြောင်းကောင်းမွန်ပါမှ ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများလည်း တိကျမှန်ကန်မည်ဖြစ်သည်။ ရထားပို့ဆောင်ရေးသည် ကြီးမားကျယ်ပြန့်သည့်လုပ်ငန်းဖြစ်၍ အစဉ်အလာကောင်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်မှုအဆင်ပြေစေရေးအတွက် ယခင်ကနှစ်စဉ် ရထားစက်ခေါင်းတွဲများကို ပြည်ပမှ မှာယူတင်သွင်းခဲ့သည်။ ရထားခေတ်ဦးကာလကရှိခဲ့သည့် ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းမည်းကြီးများ ယနေ့ထက်တိုင် သမိုင်းမှတ်တမ်းအဖြစ်ရှိနေပြီး အဆိုပါရေနွေးငွေ့သုံးစက်ခေါင်းများကို ပြုပြင်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွင် အသုံးပြုနိုင်သည်။ ရထားပို့ဆောင်ရေးလုပ်ငန်းသည် သမိုင်းကြောင်းရှည်လျားပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် စနစ်ကျနသောလုပ်ငန်းတစ်ခုဖြစ်၍ ယင်းတို့ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

မလွကုန်း မီးရထားယာဒ်ဝင်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ကုန်တွဲပေါင်း ၉၀၂၁ တွဲကို အသုံးပြု၍ ကုန်စည်သယ်ယူပို့ဆောင်ရေးကို များစွာအထောက်အကူပြုခဲ့သည်။ ၁၉၄၀-၁၉၄၁ ခုနှစ်တွင် ကုန်တန်ချိန် လေးသန်းအထိ အများဆုံးသယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ယနေ့ထက်တိုင်အောင် ကုန်ရထားတွဲဆိုင်းများ ဖွဲ့ဆင်၍ စေလွှတ်ခြင်းနှင့်လက်ခံခြင်းတို့ကို ပြုလုပ်လျက်ရှိသည့် အဓိကကျသော ယာဒ်ဝင်းဖြစ်သည်။ စက်ခေါင်းများ ပြုပြင်မွမ်းမံသည့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ ကုန်တွဲပြင်အလုပ်ရုံများ တည်ရှိရာနေရာဖြစ်သည်။ ထို့အပြင် ရထားလမ်းတံတားများ၊ ကားလမ်းခုံးကျော်တံတားများအတွက် လိုအပ်သည့် တံတားပေါင်များ ထုတ်လုပ်ပေးလျက်ရှိသော တံတားပေါင်အလုပ်ရုံနှင့် စက်ယန္တရားကြီးများ မွမ်းမံထိန်းသိမ်းရေးကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်နှင့်ပြည်သူတို့ အားထားနိုင်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းအဖြစ် ခိုင်မာစွာရပ်တည်နိုင်ရေး ရည်မှန်းချက်ထားရှိကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထား မလွကုန်းယာဒ်ဝင်းနှင့်အလားတူ အင်းစိန်မီးရထားစက်ခေါင်းစက်ရုံ၊ မြစ်ငယ်မီးရထားစက်ခေါင်းစက်ရုံ စသည့်ယာဒ်ဝင်းတို့သည် သမိုင်းကြောင်းအစဉ်အလာကောင်းများစွာဖြင့် မြန်မာ့မီးရထား ခရီးသည်ပို့ဆောင်ရေးနှင့်ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပါကြောင်း။ ။

၂၀၂၂ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ခန္တီးမြို့နယ် ကင်းတော်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကင်းတော်ကျေးရွာရှိ ဒေသခံပြည်သူများအားယနေ့တွင်အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၂၃ ဦးအား သွေးတိုးရောဂါ၊ ဖျားနာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကွမ်းခြံကုန်းမြို့နယ်၌ ဆောင်းသီးနှံ သီးထပ်အပြည့်အဝ စိုက်ပျိုးရေး ဟောပြောပွဲ ကျင်းပ

ကွမ်းခြံကုန်း အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက

အောက်တိုဘာ ၇ ရက်တွင် ဆောင်းသီးနှံအပြည့်အဝ စိုက်ပျိုးရေး တောင်သူများအား အသိပညာပေး ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်စိန်က တစ်ဧကအထွက်နှုန်းအပြည့်အဝထွက်ရှိရေး အကြောင်းအရာ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲရွှေဦးက လယ်ယာမြေနှင့်ပတ်သက်သည့်ဥပဒေ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငြိမ်းသူဟန်က ဆောင်းသီးနှံစိုက်ပျိုးရာတွင် ရေလုံလောက်စွာရရှိရေးနှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ဒေစီရွှေက ၂၀၂၂-၂၀၂၃ ဆောင်းသီးနှံအတွက် ဘဏ်ချေးငွေများကို အချိန်မီ ထုတ်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆွေနွယ်(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ်	-	ဦးစိုးစိုးနိုင်	အကြီးတန်း	-	ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
စာတည်းမှူး	-	ဦးဝင်းနိုင်	သတင်းထောက်များ		ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	-	ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊			ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
		ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	အငယ်တန်း	-	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
		ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သတင်းထောက်များ		ဦးသန်းတင်အောင်
			သုတေသန	-	ဒေါ်ဇင်မာဝင့်
ဘာသာပြန်	-	ဦးနိုင်လင်းကြည်၊	စာပြင်	-	ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ		ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဦးကျော်သူရနှင့်အဖွဲ့
			အီးမေးလ်နှင့် အွန်လိုင်း	-	ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၇)အထည်စက်ရုံ(မြစ်သား)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အစည်းအဝေးခန်းမ၌ လွတ်လပ်သောပညာရှင်အဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ပြောကြား

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက သံရည်ကျိုရုံအမှတ်(၁)အား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင်လည်း လေ့လာဆန်းစစ်ချက် (Feasibility Study)များ ပြုလုပ်ခဲ့ကြောင်း၊ ယခု သံရည်ကျိုရုံအမှတ်(၂) အပါအဝင် Phase-2 နှင့် Phase-2A တို့၏ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း လေ့လာဆန်းစစ်ချက် (Feasibility Study) ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လွတ်လပ်သောပညာရှင်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များနှင့် ပတ်သက်၍လည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့်လည်း ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် လုပ်ငန်းပမာဏကို သတ်မှတ်သည့် အချိန်အတိုင်းအတာအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လွတ်လပ်သော ပညာရှင်အဖွဲ့ ခေါင်းဆောင်က Feasibility Study ပြုလုပ်ရာတွင် တွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)သို့ ရောက်ရှိပြီး ၂/၈၀ ချည်များ ထုတ်လုပ်ထားရှိမှုအခြေအနေ၊ ၂/၈၀ ချည်များဖြင့် ရက်လုပ်ထားသည့် ပုဆိုးများ၊ ၂/၈၀ ချည်များ ရက်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တစ်ယူနစ်ထုတ်လုပ်မှုစရိတ်များ လျော့နည်းစေရေးအတွက် အလေအလွင့်မရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်၊ မိမိတို့ထုတ်လုပ်ထားသည့်ချည်များနှင့် ဈေးကွက်အတွင်းရှိ ချည်များ၏ အရည်အသွေးများကို နှိုင်းယှဉ်လေ့လာရန်၊ ၂/၈၀ ချည်များ၏ ဈေးကွက်ရရှိမှုအခြေအနေများကို လေ့လာသွားရန် မှာကြားသည်။

ချည်ပေါင် ၄၀၀၀၀ ထုတ်လုပ်ပြီးဖြစ်

စက်မှုဝန်ကြီးဌာနရှိ စက်ရုံများတွင် ယခုအခါ ၂/၈၀ ချည်များသည် တစ်ပင်ချင်းဆွဲဆန့်ခံနိုင်မှု၊ သတ်မှတ်ချည်နံပါတ်အတိုင်းရရှိမှု စသည့်အရည်အသွေးများနှင့် ကိုက်ညီမှုရှိ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ချည်ပေါင် ၄၀၀၀၀ ထုတ်လုပ်ပြီးဖြစ်သည်။ ဆက်လက်၍လည်း စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ၂/၈၀ ချည်များကို သတ်မှတ်အရည်အသွေးရရှိစေရေးအတွက် လုပ်ငန်းစဉ် ၁၇ ခုဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(မှော်ဘီ) သွားရောက်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၈

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် ကောင်းစွာ အထောက်အကူပြုနိုင်မည့် အရည်အသွေးပြည့်ဝသော နည်းပညာရှင်များ အစဉ်မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် ဗလငါးတန်နှင့်ပြည့်စုံပြီး ပြည်သူ့အကျိုးသယ်ပိုးမည့်လူငယ်များပျိုးထောင်ပေးရေး အလေးထား ဆောင်ရွက်ရန်၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးရေး နည်းပညာများ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန်၊ စပါးခွံလောင်စာသုံး Gasifier အပါအဝင် ပြန်ပြည့်မြဲစွမ်းအင်နှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ သုတေသနများကို ဆောင်ရွက်ရန်၊ ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကာ University Ranking မြင့်မားလာစေရေး ဆောင်ရွက်ကြရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယမန်နေ့ညနေပိုင်းတွင် နည်းပညာတက္ကသိုလ်(မှော်ဘီ)ကို သွားရောက်စစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသားများ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်၊ 20 kW Solar Hybrid System တပ်ဆင်နေမှုနှင့် သုံးထပ်စာသင်ဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်မြေညီထပ်၌ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး စိတ်ဓာတ်၊ ခံယူချက်နှင့် ယုံကြည်ချက်များ မှန်ကန်မြင့်မားစေရန်နှင့် လုပ်ငန်းများ အရည်အသွေး စံနှုန်းများအတိုင်း အမှန်တကယ်တိုးတက်မှုရှိစေရေး အစဉ်အလေးပေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကျိုက်မရောမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ကျိုက်မရော အောက်တိုဘာ ၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ(Snack & Bakery) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရှင်စောပုရပ်ကွက်ရှိ မေသရဖူသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်က သင်တန်းဆင်းအမှာစကားပြောကြားရာ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက သင်တန်းအချောထည်ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများအား သင်တန်းသူများထံ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကာ သင်တန်းတွင် လုပ်ငန်းထူထောင်လိုသူ သင်တန်းဆင်း ငါးဦးအား ရွေးချယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင် သင်တန်းသူများ စုပေါင်းပြုလုပ်ထားသည့် နို့ပေါက်ပေါက်၊ စာကလေးခွေ၊ အာလူးကြော်၊ ငှက်ပျောကြော် စသည့် စားသောက်ကုန်ပစ္စည်းများအား ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မချို(ပြန်/ဆက်)**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ရည်ညွှန်းဈေးနှုန်း

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ၏။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် သက်ကြွယ်တွေ့ဆုံပွဲ ကျင်းပ

တောင်ကြီး အောက်တိုဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီက သက်ကြွယ်တွေ့ဆုံပွဲ ကျင်းပသည်။

ပံ့ပိုးကူညီပေးမည်

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက နောင်တွင်သက်ကြွယ် တွေ့ဆုံပွဲကို လစဉ်လ၏ ပထမပတ် စနေနေ့တိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ကြွယ်များအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကို တတ်နိုင်သည့်နေရာက ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေါက်တာဘသိန်းဝင်း (သက်ကြွယ်အဖွဲ့)က သက်ကြွယ်အဖွဲ့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြပြီး ဘာသာအလိုက် ဆုတောင်းခြင်းဆောင်ရွက်၍ ဦးစိုးအေး(သက်ကြွယ်အဖွဲ့)က သက်ကြွယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တင်ပြသည်။

ထို့နောက် သက်ကြွယ်များက Welcome Song သီဆို၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်တို့က သက်ကြွယ်အဖွဲ့အား ထောက်ပံ့ငွေ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန
မျက်မြှေးရောင်ရောဂါ / မျက်စိနာရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

လတ်တလောဖြစ်ပွားနေသော မျက်မြှေးရောင်ရောဂါ(သို့မဟုတ်) မျက်စိနာရောဂါသည် ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် (၅)ရက်မှ (၇)ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။

ရောဂါလက္ခဏာများမှာ–

- မျက်စိနီရဲခြင်း၊
- မျက်ဝတ်များထွက်ခြင်း၊
- မျက်စိယားယံခြင်း၊
- မျက်စိနာကျင်ရောင်ရမ်းခြင်း၊
- မျက်ရည်ယိုခြင်း၊
- အလင်းရောင်မကြည့်နိုင်ခြင်းတို့ဖြစ်နိုင်ပါသည်။

မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါသည် အောက်ဖော်ပြပါအခြေအနေများကြောင့် ကူးစက်ပြန့်ပွားနိုင်ပါသည်–

- ရောဂါဖြစ်သူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာအတူနေထိုင်ခြင်းများကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။ (ဥပမာ– ကျောင်းသား တစ်ဦးမှ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသို့၊ မိခင်မှကလေးသို့)

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါ မပြန့်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

- ကူးစက်လွယ်သောရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏ အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာ အလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ)များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝ မပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံးတစ်သျှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွတ်သန့်စင်ရပါမည်၊
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တုမျက်စဉ်း ဆေးရည်(Artificial Tear Eye Drops)ကို တစ်နေ့ (၃–၄)ကြိမ် ခတ်နိုင်ပါသည်။ မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည်ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောရပါမည်။ ရောဂါမသက်သာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ ပြသပါ၊
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကိုမကိုင်မိစေရန် အကာအကွယ်မျက်မှန် တပ်ထားသင့်ပါသည်။

❒ **ရှေ့ဖုံးမှ**

ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာ လူနာ ၁၁ဝ၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ၂၆ဝ၊ အရေပြားရောဂါလူနာ ၉၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါလူနာ ၉၆ ဦး၊ အထွေထွေရောဂါလူနာ ၁ဝ၆ ဦး၊ မျက်စိရောဂါလူနာ ၂ဝ၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၈၁ ဦး၊ အရိုးရောဂါလူနာ ၆၃ ဦး၊ အထွေထွေခွဲစိတ်ရောဂါ လူနာ ၁၅ ဦး၊ ကလေးရောဂါလူနာ ၁၄ ဦး၊ သားဖွားမီးယပ်လူနာ ၁ဝ ဦး၊ သွားနှင့်ခံတွင်းလူနာ လေးဦး၊ စိတ်ကျန်းမာလူနာ သုံးဦး စုစုပေါင်းဒေသခံပြည်သူ ၁၅၁၃ ဦးတို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး လာရောက်ပြသသော လူနာများတွင် ကျိုင်းတုံမြို့သာမက တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းယောင်း စသည့်မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ ပါဝင်ကြသည်။

စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့

ထို့အတူ နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၇၈ ဦး၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း(OGD scope) ၁၈ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း(Colonoscopy) နှစ်ဦး၊ သွေးရောဂါလူနာများအား ရိုးတွင်းခြင်ဆီစစ်ဆေးခြင်း ငါးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ scope ကြည့်ရှုခြင်း ၄၇ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း(CT scan) ၁၈ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၇၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၁၉ဝ၊ Ultrasound ရိုက်ကူးခြင်း ၇၉ ဦး၊ နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၂၅၂ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၃၉ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး မျက်စိရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု ၂ဝ၊ ဦးခေါင်းပြင်ပ သွေးယိုစီးခြင်းအား ခွဲစိတ်ကုသခြင်း(Burr hole surgery) တစ်ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် နှလုံးရောဂါဆိုင်ရာလူနာ လေးဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်လူနာ နှစ်ဦး၊ ဦးနှောက်နှင့်အာရုံကြောရောဂါလူနာ တစ်ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ တစ်ဦး အပါအဝင် လူနာ ၁၅ ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံကြီး(ခုတင်–၅ဝဝ) ရန်ကုန်သို့ လိုအပ်သော စမ်းသပ်ကုသမှုများ ဆက်လက်ခံယူနိုင်စေရေး လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့ခွဲမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး ကျိုင်းတုံမြို့သို့ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများ လှူဒါန်းပြီး အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဆေးကုသမှုဆောင်ရွက်ပေးခဲ့သော အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ပြည်နယ်အစိုးရအဖွဲ့ခွဲ၊ အလှူရှင် စေတနာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် လူနာများအား နေ့လယ်စာ၊ အစားအသောက်များနှင့် မျက်စိခွဲစိတ်ပြီးလူနာများအား မျက်မှန်များ လှူဒါန်းခဲ့ကြသည်။

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂ဝ၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့၊ မိတ္ထီလာမြို့၊ မြိတ်မြို့၊ မော်လမြိုင်မြို့၊ မြစ်ကြီးနားမြို့နှင့် ဟသ်ာတမြို့တို့သို့ သွားရောက်၍ ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များသို့လည်း ဆက်လက်သွားရောက်ဆောင်ရွက်မည်ဖြစ်သည်။

ကြည့်ရှုအားပေး

ထို့ပြင် အောက်တိုဘာ ၇ ရက်နှင့် ၈ရက်တို့တွင် ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး ကာကွယ်ဆေးထိုးစုရပ်၌ ရှမ်းပြည်နယ်(ကျိုင်းတုံ) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကျိုင်းတုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့တို့မှ အသက် (၁) နှစ်မှ (၅)နှစ်အတွင်း ကာကွယ်ဆေး လုံးဝမရရှိသေးသည့် ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသည့် ကလေးများ စုစုပေါင်း ၈၆ ဦး၊ အသက်(၁)နှစ်အောက် ပုံမှန်ကာကွယ်ဆေးထိုးနှံရမည့် ကလေးများ စုစုပေါင်း ၁၇ ဦး စုစုပေါင်း ကလေး ၁ဝ၃ ဦးတို့ကို အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချကာကွယ်ဆေး (bOPV)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး(IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး (MR)၊ ငါးမျိုးစပ်ကာကွယ်ဆေး (Penta)များ ထိုးနှံ၊ တိုက်ကျွေးပေးခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ခွဲမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **မိုင်းယောင်းမြို့နယ်မှ**

နဂါးမောက်စိုက်ပျိုးသူ များပြားသည်။ စတင်စိုက်ပျိုးပြီး လေးလခန့်ကြာလျှင် စတင်ပွင့်သည်။ အပင်ကုပ်အားကောင်းစေရန် ဝါးလုံးကို တင်ပေးထားရသည်။ ရေပေးခြင်းကို ပိုက်လိုင်းဖြင့် ဆက်သွယ်ပေးထားသည်။ အပင်အောက်ခြေတွင် နွားချေးထည့်ပေးရသည်။ လက်ရှိကာလတွင် နဂါးမောက်စိုက်ပျိုးသူများ အဆင်ပြေကြသလို ဆေးဖက်ဝင်သည့်အတွက် ဝယ်ယူစားသုံးသူ များပြားလျက်ရှိကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

မော်လမြိုင်မြို့တွင် စွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Sunday Stop လှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်

မော်လမြိုင် အောက်တိုဘာ ၈

မော်လမြိုင်မြို့တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီအနေဖြင့် အများပြည်သူ အားလပ်ရက်များတွင် လူစည်ကားသောနေရာများ၊ အပန်းဖြေရာနေရာများ၌ အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်ပစ္စည်းများနှင့် ပလတ်စတစ်အမှိုက်များကင်းစင်စေရေး ပလတ်စတစ်သုံးစွဲမှု လျှော့ချစေရန် ရည်ရွယ်၍ အားလပ်ရက်လှုပ်ရှားမှုများ၊ စဉ်ဆက်မပြတ်ဆောင်ရွက်မှုများကို ယနေ့နံနက်ပိုင်းက သီရိမြိုင်ရပ်ကွက် သီရိမြိုင်စျေး အတွင်း/အပြင်နှင့် ပတ်ဝန်းကျင်လမ်းတစ်လျှောက် Sunday Stop လှုပ်ရှားမှုများပြုလုပ်ခဲ့သည်။

အဆိုပါ Sunday Stop လှုပ်ရှားမှုတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အမျိုးသမီးရေးရာ၊ စည်ပင်သာယာရေး စသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၂၅ ဦးဖြင့် ပါဝင်ဆောင်ရွက်ပြီး အများပြည်သူများကို ပလတ်စတစ်လျှော့ချသုံးစွဲ ရေးနှင့်ပတ်သက်သည့်အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ပဲခူးမြစ်ရေသည် စိုးရိမ်ရေမှတ် ၈၈၀ စင်တီမီတာ အထက် ၆၈ စင်တီမီတာ(နှစ်ပေခန့်)အထိ မြင့်တက်မှုကြောင့် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် ရှစ်ခုနှင့် ကျေးရွာနှစ်ခုတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ရွှေ့ပြောင်းကူညီပေး

အဆိုပါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ပဲခူးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထမင်းဘူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမှတ်(၄)အစုန်ရထားစီးခရီးသည်များအား ပျဉ်ပုံကြီးဘူတာမှ ရန်ကုန်ဘူတာကြီးသို့ မော်တော်ယာဉ်ဖြင့် ရွှေ့ပြောင်းသယ်ယူပို့ဆောင်ပေးစဉ်။

❖ **ကျောဖုံးမှ**

အမှတ်(၄)အစုန် လူစီးအမြန်ရထားသည် ပျဉ်ပုံကြီးဘူတာ၌ နံနက် ၈ နာရီတွင်လည်းကောင်း၊ ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မော်လမြိုင်မှ ထွက်ခွာလာသော အမှတ်(၈၂)အစုန် လူစီးအမြန်ရထားသည် ဝေါဘူတာ၌ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း ရောက်ရှိနေပြီး ရေပြန်လည်ကျဆင်းမည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။

ရထားလမ်းရေကျော်တက်မှု ကြာမြင့်နိုင်မည့် အခြေအနေကြောင့် မြန်မာ့မီးရထား တာဝန်ရှိသူများက ပျဉ်ပုံကြီးဘူတာတွင်ရှိနေသော အမှတ်(၄)အစုန် လူစီးအမြန်ရထားမှ ခရီးသည် ၃၀၀ ခန့်ကို နေ့လယ်စာထမင်းဘူးများ၊ သောက်ရေ၊ သုံးရေများ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်းလွဲ ၂ နာရီတွင် အဆိုပါရထားပေါ်၌ရှိနေသော ရန်ကုန်သို့ သွားရောက်မည့် ခရီးသည် ၂၂၅ ဦးကို မော်တော်ယာဉ် ငါးစီးဖြင့် ပျဉ်ပုံကြီးမှ ရန်ကုန်ဘူတာကြီးအထိ ဆက်လက်ရွှေ့ပြောင်း ပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ အမှတ်(၈၂)အစုန် အမြန်ရထားတွဲဆိုင်းအား ကလိဘူတာသို့ ရွှေ့ပြောင်းပြီးနောက် ခရီးသည် ၅၇၀ ကို မော်တော်ယာဉ် ၁၀ စီးဖြင့် ရန်ကုန်ဘူတာကြီးသို့ ရွှေ့ပြောင်းပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးစဉ်များ ဖျက်သိမ်း

အဆိုပါ ရထားလမ်းရေကျော်တက်မှုအခြေအနေအရ ရထားများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိသောကြောင့် မြန်မာ့မီးရထားအနေဖြင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်နှင့် မန္တလေးတို့မှ စတင်ထွက်ခွာမည့် အစုန်၊ အဆန် အမြန်ရထားလေးစင်းတို့၏ ခရီးစဉ်များကို ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့မီးရထားဝန်ထမ်းများ အနေဖြင့် ဖောင်တော်သီဘူတာရှိ ကျောက်ကြီးများကို ရေဖုံးလွှမ်းနေသည့် လမ်းပိုင်းအတွင်းသို့ ချယူ၍ ရထားလမ်းကြံ့ခိုင်မှုရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေကျော်တက်နေသည့် ရထားလမ်းပိုင်းအတွင်း ရေပြန်လည်ကျဆင်းသွားချိန်တွင် လမ်းကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မွမ်းမံပြင်ဆင်၍ ရထားခရီးစဉ်များ ပုံမှန်ပြန်လည် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်ထိုမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရန်ကုန်-မော်လမြိုင်ကားလမ်း ရေကျော်

ကျိုက်ထို အောက်တိုဘာ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ် (၁၀၆)နှင့် (၁၀၇) ကြား တစ်နေရာလျှင် အရှည်ပေ ၅၀၀ ခန့်ရှိနေရာသုံး နေရာတို့တွင် ရေ ခြောက်လက်မခန့် ကားလမ်းရေကျော်မှုဖြစ်ပွားခဲ့သည်။

လမ်းကြောင်းရှင်းလင်းပြသပေး

အဆိုပါ ကားလမ်းရေကျော်မှုကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်နှင့်အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသူနှင့် အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝေယံအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် လူမှုကူညီရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ရွှေသံလွင်ကုမ္ပဏီတို့မှ ပူးပေါင်း၍ လမ်းကြောင်းရှင်းလင်းပြသပေးလျက်ရှိကြောင်း သိရသည်။

သန်းသန်းမော်(ပြန်/ဆက်)

ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၈

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲကျော် (၈၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

နိုင်ငံရေးနည်းဖြင့်သာအဖြေရှာ... ပြိုင်တူတွန်းရင် ရွေ့ပါတယ်

မိုးကေနိုင်

လူ့အဖွဲ့အစည်းတစ်ခုမှာ မငြိမ်းချမ်းဘူးဆိုတဲ့အချက်ဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ယုံကြည်မှုတစ်ခုခု၊ နားလည်မှုတစ်ခုခု အားနည်းနေကြလို့သာဖြစ်ပါတယ်။ ဆက်ဆံရေးရဲ့အစဟာ ယုံကြည်မှု၊ ပူးပေါင်းမှုရဲ့အစဟာ နားလည်မှုဆိုတာကို လေးလေးနက်နက်သိသူတွေကတော့ ပျက်စီးနေတဲ့ဆက်ဆံရေး၊ အေးစက်နေတဲ့ ပူးပေါင်းပါဝင်မှုကို မရရအောင် တည်ဆောက်ဖို့ဝန်မလေး၊ အမြဲအဆင်သင့်ရှိနေတတ်ကြတယ်။ ဒါကြောင့်ပဲ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတွေကတစ်ဆင့် ငြိမ်းချမ်းရေးကို လိုချင်တဲ့အတွက် အတ္တတွေ၊ မာန်မာနတွေ ခဏဘေးဖယ်၊ တလွဲမတွေး၊ ပုဂ္ဂိုလ်စွဲ၊ အယူစွဲ၊ ဒေသစွဲတွေဘေးချိတ်၊ အများအတွက်ဆိုတဲ့ ဦးတည်ချက်လေးထားပြီး ငြိမ်းချမ်းရေးလမ်းစဖော်ပေးရပြန်တယ်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် ခြောက်ဖွဲ့တို့ မိုင်းလားမြို့၌ တွေ့ဆုံဆွေးနွေးစဉ်။

အဓိပ္ပာယ်ရှိရှိ အနှစ်သာရအပြည့်နဲ့ အလေးအနက်ထား

အားလုံးသိကြတဲ့အတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ အဓိပ္ပာယ်ရှိရှိ အနှစ်သာရအပြည့်နဲ့ အလေးအနက်ထားကျင်းပသွားဖို့ရှိပါတယ်။ ဒီနေရာမှာ ယခင်နှစ်တွေနဲ့မတူ အတိအလင်းဖော်ပြသုံးနှုန်းသွားတဲ့ "အဓိပ္ပာယ်ရှိခြင်းနဲ့ အနှစ်သာရရှိခြင်း၊ အလေးအနက်ထားခြင်း" ဆိုတဲ့ စကားလုံးတွေကို သတိထားမိလိုက်တယ်။ သေချာအဓိပ္ပာယ်ဖော်ရင်တော့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားခေါင်းဆောင်အားလုံးကို ပါဝင်စေလိုတဲ့ဆန္ဒ၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့အတူ ထာဝရငြိမ်းချမ်းရေးဖြစ်စေရမယ်ဆိုတဲ့ ရည်မှန်းချက်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ သာတူညီမျှအခွင့်အရေးကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ်စတဲ့ မူတွေ၊ အယူအဆတွေ ပါဝင်နေလိမ့်မယ်လို့ ယူဆမိပါတယ်။

ဘာဖြစ်လို့ အလေးအနက်ထားကျင်းပရသလဲဆိုတော့ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်ရေးနဲ့ ပြည်သူအားလုံး လူမှုစီးပွားဘဝ ပုံမှန်တိုးတက်ဖြစ်ထွန်းဖို့အတွက် အရေးကြီးတဲ့အချိန်အခါ ကျရောက်နေလို့ပဲဖြစ်ပါတယ်။ ပြောရရင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးကို ကြိုးပမ်းတည်ဆောက်နေတဲ့ကြားက ယခုအထိ တည်ငြိမ်အေးချမ်းမှုကို မရရှိသေးတဲ့အတွက်ဖြစ်ပါတယ်။ နိုင်ငံရေးသဘောထားအမြင်တွေ၊ တိုင်းရင်းသားအရေး အယူအဆတွေ ကွဲပြားနေဆဲအခြေအနေမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ အဖြေရှာနိုင်ဖို့ အခွင့်အလမ်းတစ်ခုကို အမိအရဆုပ်ကိုင်နိုင်ကြဖို့ ဒီ NCA အခွင့်အရေးကို အလေးအနက်ထားနိုင်အောင် ရည်ရွယ်ပါတယ်။

ငြိမ်းချမ်းရေးခရီးလမ်းက ခက်ခဲကြမ်းတမ်းတယ်ဆိုပေမယ့် ယခုလာမယ့် (၈) နှစ်မြောက် NCA နှစ်ပတ်လည်အခင်းအကျင်းဟာ ငြိမ်းချမ်းရေးအိပ်မက်ခပ်သဲ့သဲ့ အရိပ်အယောင်လေးတစ်ခုအဖြစ် အပြုသဘောမြင်လာမိပါတယ်။ မငြိမ်းချမ်းခြင်းရဲ့အရသာကို ခါးသီးစွာခံစားနေရတဲ့ တိုင်းရင်းသားပြည်သူလူထုကြီးကတော့ လက်ရှိဒီအခင်းအကျင်းကို အမျှော်လင့်ကြီး မျှော်လင့်ကြမှာ သေချာပါတယ်။ အားလုံးမှာ ကြီးမားတဲ့မျှော်လင့်ချက်တွေရှိပြီး ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်၊ ကိုယ့်ဒေသကိုယ့်လူမျိုးအရေး ကိုယ်စားပြုစေတနာထား ပညာဉာဏ်အမြော်အမြင်ရှိပြီး သဘောထားကြီးတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ကိုယ့်နိုင်ငံကိုယ့်အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ပေးမယ့် ခေါင်းဆောင်တွေ NCA မှာ ပါဝင်လာမယ်ဆိုရင် အဲဒီလိုပါဝင်လာမှုဟာ အကောင်းမြင် မျှော်လင့်နေကြတဲ့ ပြည်သူအမြောက်အမြားရဲ့ ခံစားချက်တွေကို အမှန်တကယ် နားလည်မှုရှိတဲ့အတွက်ကြောင့်လို့ ယူဆပါတယ်။

ယူတတ်ရင် အခွင့်အလမ်းကောင်းတစ်ခု

ယခုလက်ရှိအခြေအနေမှာ ကျီးလန့်စာစားဘဝနဲ့ ပြည်သူတွေရဲ့စိုးရိမ်ရေမှတ်က မြင့်တက်နေဆဲပါ။ သူတို့ရဲ့စိုးရိမ်သောကကို အပြန်အလှန်ယုံကြည်မှုက ပြေပျောက်စေနိုင်မလား၊ ဆင်းရဲဒုက္ခမျိုးစုံနဲ့ ဖိအားတွေအောက်ရောက်နေတဲ့ တိုင်းရင်းသားတွေရဲ့ဘဝကို ကယ်တင်ပေးနိုင်မလား ကြည့်ရပါမယ်။ အဓိကကယ်တင်ရှင်က လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်တွေ ဖြစ်နေလို့ပါပဲ။ သူတို့လက်ထဲမှာပဲ ရှိပါတယ်။ ငြိမ်းချမ်းရေးတံခါးကို တပ်မတော်ဘက်က ဖွင့်ပေးပြီးသားပါ။ ထာဝရငြိမ်းချမ်းရေးအတွက် အာမခံချက်တစ်ခုဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီနဲ့ ဖက်ဒရယ်ဒီမိုကရေစီကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ဖို့ NCA ပါ ပေးထားချက်တွေအတိုင်း အခိုင်အမာ ဆက်လျှောက်ဖို့ သန္နိဋ္ဌာန်ချပြီးဖြစ်ပါတယ်။ NCA ဟာ စတင်ဆွေးနွေးစဉ်က ပါဝင်ခဲ့တဲ့ တိုင်းရင်းသားအဖွဲ့တွေရဲ့ တောင်းဆိုချက်တွေနဲ့အညီ ပဏာမအများသဘောတူညီမှုရယူထားတဲ့ ယန္တရားတစ်ခုဖြစ်တဲ့အတွက် နောက်ပြန်လှည့်ဖို့ အခြေအနေပေးမှာ မဟုတ်ပါဘူး။ ဖြစ်သင့်တာကို ဦးစားပေးရမယ့်အချိန်ရောက်နေတဲ့အတွက် သင်ခန်းစာယူသင့်တာယူပြီး အပြောထက် အလုပ်နဲ့သက်သေပြဖို့ပဲ ရှိပါတော့တယ်။

တစ်ဖက်ကို ဗိုလ်နိုင်လုပ်အပြစ်ဖို့ အမြတ်ထုတ်ရမယ့် အခါလည်းမဟုတ်၊ ကိုယ့်မြန်မာနိုင်ငံသားအချင်းချင်း အထင်သေးပုတ်ခတ် စော်ကားနေရမယ့် အခြေအနေလည်းမဟုတ်၊ အနိုင့်ကျင့်ရန်လိုတိုက်ခိုက်နေရမယ့်သူတွေလည်း မဟုတ်ပါဘူး။ နိုင်ငံ့သမိုင်းမှာ အချိုးအကွေ့များလှတဲ့ အခြေအနေချည်းပဲရှိခဲ့တာမို့ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတွေပေးရမယ့်အချိန်လည်း ရောက်ပါပြီ။ လက်နက်တွေ ခဏဘေးချပြီး ရင်ထဲကလာတဲ့ တကယ့်စေတနာ၊ မေတ္တာမှန်နဲ့ စားပွဲဝိုင်းမှာ ခေါင်းချင်းဆိုင်အဖြေရှာရတော့မယ့် အရွယ်တွေပါ။ စစ်ကိုမလိုလားတဲ့ ပြည်သူတွေကို ငဲ့ကွက်ပြီး ကရုဏာတရား ပြသရတော့မယ့် အချိန်တွေပါ။ ကိုယ့်ဒေသက ပညာငတ်၊ အစာငတ်နေတဲ့ သနားစရာအနာဂတ်မျိုးဆက်တွေကို ပြန်ကြည့်ရပါမယ်။ ငြိမ်းချမ်းပြီးတိုးတက်နေတဲ့ဒေသက ပြည်သူတွေကိုကြည့်ပြီး မုဒိတာပွားနိုင်အောင် ကြိုးစားသင့်ပါတယ်။

အနာဂတ်မျိုးဆက်တစ်ဆက်မက၊ နှစ်ဆက်မက အမုန်းတွေချန်ရစ်တဲ့ သမိုင်းတရားခံတွေမဖြစ်အောင် တာဝန်ယူ၊ တာဝန်ခံမှုတွေ ပြသရပါတော့မယ်။ နိုင်ငံတကာ သက်သေတွေရှေ့၊ ပြည်တွင်း partner သက်သေတွေရှေ့မှောက် အပြန်အလှန်ချုပ်ဆိုထားတဲ့ သဘောတူညီချက်တွေအတွက် ကတိတည်သူ၊ သစ္စာရှိသူတွေအဖြစ် ပြသကြရပါတော့မယ်။ ဘာပဲဖြစ်ဖြစ် အားလုံးဟာ ယူတတ်ရင် အခွင့်အလမ်းကောင်းတွေချည်းဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကို လိုချင်လွန်း၍

နိုင်ငံတော်ရဲ့ လက်ရှိပကတိလိုအပ်ချက်က အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးဆိုတာ ငြင်းလို့မရပါဘူး။ ဒါကြောင့်လည်း ဒီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ နိုင်ငံတော်ဘက်က တောက်လျှောက်ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမျှော်လင့်ချက်နဲ့ အပစ်အခတ်ရပ်ပေးထားတာ ငါးနှစ်ရှိခဲ့တဲ့နောက်မှာ လွန်ခဲ့တဲ့ ၂၀၂၂ ခုနှစ်ကိုတော့ စိန်ရတုငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ နိုင်ငံအကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တွေနဲ့ ကိုယ်တိုင်တွေ့မယ် ကမ်းလှမ်း၊ တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးအဖြေရှာနေခြင်းက ငြိမ်းချမ်းရေးကို လိုချင်လွန်းလို့ဆိုတာ ထင်ရှားပါတယ်။

စစ်ပွဲတွေ၊ တိုက်ပွဲတွေဟာ အဖြေမဟုတ်တဲ့အတွက် တွေ့ဆုံညှိနှိုင်းရေးလမ်းကို အစဉ်တစိုက်ဖွင့်ထားခြင်းလည်း ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးအတွက်ဆိုရင် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဆွေးနွေးအဖြေရှာဖို့ နိုင်ငံတော်ဘက်က အမြဲအဆင်သင့်ပါ။ ယုံကြည်မှု၊ နားလည်မှုရှိလာရင် အပြန်အလှန်အသိအမှတ်ပြုနိုင်ဖို့နဲ့ လေးစားမှုပြုနိုင်ဖို့ဆိုတဲ့ အင်္ဂါရပ်တွေအတွက် အခက်အခဲမရှိနိုင်တော့ဘူးဆိုတဲ့အချက်ကို သဘောတူပါတယ်။ အေးအတူပူအမျှနေထိုင်လိုပြီး တန်းတူရည်တူတန်ဖိုးထားတဲ့ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဟာ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးအပေါ်ထားတဲ့ ခံယူချက်ပါပဲ။ ဒီခံယူချက်နဲ့ပဲ ပြည်သူတွေကို ငြိမ်းချမ်းခြင်းရဲ့အရသာကိုပေးနိုင်ဖို့ တပ်မတော်က အပြင်းအထန်ကြိုးပမ်းနေခြင်း ဖြစ်တယ်ဆိုတာ လက်တွေ့လုပ်ရပ်တွေအရ ချိန်ထိုးကြည့်နိုင်ပါတယ်။

ငါတို့နိုင်ငံ ငါတို့နိုင်ငံသား ငါတို့ဒေသအတွက်ဆိုတဲ့ စိတ်ဓာတ်ဖြင့်

နိုင်ငံတော်နဲ့ တပ်မတော်ဘက်ကချည်း အပြုသဘောဆောင် တာဝန်ယူနေရုံနဲ့ လက်တွေ့ကျပြီး တရားမျှတတဲ့ရလဒ်ကောင်းတွေဟာ ဘယ်တော့မှ ထွက်ပေါ်မလာနိုင်ပါဘူး။ ဒီအချက်ဟာကောင်းစွာ သိရှိထားရမယ့်အချက်ဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ၊ အဖွဲ့တွေအားလုံးမှာ တာဝန်သိစိတ်နဲ့ တာဝန်ရှိကြပါတယ်။ ငါတို့နေတဲ့ ငါတို့နိုင်ငံအချုပ်အခြာအတွက် ငါတို့မှာ တာဝန်ရှိတယ်၊ တို့ဟာ တို့နိုင်ငံသား၊ တို့တိုင်းရင်းသားတွေနဲ့ တစ်သွေးတည်း တစ်သားတည်းရှိတယ်ဆိုတဲ့ သဘောထားတွေပြသနိုင်မှသာ ငြိမ်းချမ်းရေးခရီးက ချောမွေ့မှာဖြစ်ပါတယ်။ **"တန်းတူညီမျှမှု"၊ "တရားမျှတမှု"၊ "လူနည်းစုအခွင့်အရေး"** စတဲ့ စကားလုံးတွေကို လက်တွေ့ခံစားချင်ရင် ပူးပေါင်းပါ၊ ပါဝင်ပါ၊ လက်တွေ့ အကောင်အထည်ဖော်ကြရအောင်ပါလို့ တောင်းဆိုချင်ပါတယ်။

ဒီစကားလုံးတွေရဲ့အနှစ်သာရဟာ ဖက်ဒရယ်ဆိုတဲ့ အခြေခံအချက်မှာ ပါဝင်ပြီးဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ပေးကြပါလို့ ဖိတ်ခေါ်နေရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလမ်းပြမြေပုံမှာ ဖက်ဒရယ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ခွဲခြားဆက်ဆံခြင်း သဘောတရားတွေမပါပါဘူး။ အတူတကွ ပူးပေါင်းကြိုးစား၊ ရလာတဲ့အသီးအပွင့်တွေကို အတူတူမျှဝေခံစားကြဖို့သာပါပဲ။

စာမျက်နှာ ၇ သို့ ✤

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ကော့သောင်းခရိုင်အတွင်းရှိ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များနှင့် တွေ့ဆုံ

ကော့သောင်း အောက်တိုဘာ ၈

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို နှင့်တာဝန်ရှိသူများသည် ကော့သောင်းမြို့နယ်တွင် CAPI စနစ်ကို အသုံးပြု၍ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသော အဖွဲ့များနှင့် ယနေ့နံနက် ၉ နာရီက ကော့သောင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်အစည်းအဝေးခန်းမတွင် တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုဆောင်ရွက်နေသည့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းမှသည် မှန်ကန်သည့် လူဦးရေစာရင်းရရှိရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်း ကောက်ယူရေးအဖွဲ့အနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများအပေါ် မည်သို့ပြုပြင်ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို အဖြေရှာရမည်ဖြစ်ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှသာ လာမည့် ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော့သောင်းခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ကော့သောင်းခရိုင်အတွင်း ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေသည့် မြို့ပြကောက်ကွက်နှင့် ကျေးလက်ကောက်ကွက် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ထိုသို့ မြေပြင်အိမ်ထောင်စုနှင့် လူဦးရေစာရင်း မှန်ကန်စွာရရှိနိုင်ရေး၊ ကောက်ယူရာတွင် စာရင်းကောက်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီဝင်များက တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မှုနှင့် တစ်အိမ်တက်ဆင်းကောက်ယူသည့် နည်းလမ်းတို့ဖြင့် Mobile Tablet များ အသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူနေမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုက လိုအပ်သည်များနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနေသည့် ပုလုံးတုံတုံးကျေးရွာသို့ သွားရောက်၍ စာရင်းကောက်အဖွဲ့များမှ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ကျေးရွာနေပြည်သူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် အောက်တိုဘာ ၇ ရက်က တပ်နယ်မှူးရုံး(ရန်ကုန်)မှ အရာရှိ၊ စစ်သည်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသူနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံခြံဝင်း အတွင်းအပြင်၌ မြက်ပင်၊ ပေါင်းပင်၊ ခြုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

ကျုံပျော်မြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်း

ကျုံပျော် အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဦးဆောင်ကာ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို တောချောင်းကျေးရွာအုပ်စု ကွင်းအမှတ်-၁၀၂၃(ဂ) ရှိ တောင်သူ ဦးဌေးမောင်၏ လယ်မြေ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြတ်သိန်းဇော်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းလှိုင်နှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြတ်သိန်းဇော်က မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှု၊ တစ်ဧကအကျိုးအမြတ်ရရှိမှု၊ စပါးမျိုးကွဲအလိုက် ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက်စာရင်းနှင့် လက်ရှိတောချောင်းကျေးရွာအုပ်စုရှိ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောချောင်းကျေးရွာအုပ်စုအတွင်း ဆင်းသုခစပါးမျိုး (သင့်) ကိုယ်စားပြုဧရိယာကို စံကွက်ရိတ်သိမ်းရာ တစ်ဧက စပါးအထွက်နှုန်း ၇၇ ဒသမ ၉၇ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

✤ စာမျက်နှာ ၆ မှ

တိုင်းရင်းသားလူမျိုးအသီးသီးကြား ခွဲခြားဆက်ဆံခြင်းမရှိ၊ တန်းတူညီမျှမှုနဲ့ ဒေသတိုင်းမှာ နေထိုင်ကြတဲ့ လူနည်းစုနဲ့ လူများစုအားလုံးကို တန်းတူအကာအကွယ်ပေးချင်တဲ့အတွက် လူမျိုးကို အခြေမခံ၊ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်ကို ရအောင်လုပ်ပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ပကတိအခြေအနေတွေနဲ့စပ်ဟပ်ပြီး လက်တွေ့ကျကျ အားလုံးလက်ခံနိုင်မယ့် ဖက်ဒရယ်စံနှုန်းတွေ ပါဝင်နေတဲ့အတွက် ငြိမ်းချမ်းရေးနဲ့ဖက်ဒရယ်၊ ဖက်ဒရယ်နဲ့ ဒီမိုကရေစီ အပြန်အလှန်အာမခံချက်တွေအဖြစ် အလေးအနက်ထား ယုံကြည်မှုပေးဖို့ လိုအပ်ပါတယ်။

ညှိနှိုင်းမှုစွမ်းရည်များမှတစ်ဆင့် ရလာသော ယုံကြည်မှု

ဒီဆောင်းပါးမှာ စာရေးသူဟာ **"အပြန်အလှန် ယုံကြည်မှု"** ဆိုတဲ့စကားလုံးကို ထပ်တလဲလဲ တင်ပြပေးနေပါတယ်။ ငြိမ်းချမ်းရေးမှာ ဒီစကားလုံးဟာ အင်မတန် တန်ဖိုးထားအပ်တဲ့အတွက် ဖြစ်ပါတယ်။ အလွန့်အလွန် ကွဲပြားခြားနားနေပြီး ပဋိပက္ခအသွင် အလွန်အမင်းဖြစ်နေတဲ့ နှစ်ဖက်အကြားမှာ အတူတကွ ရှေ့ဆက်ချီတက်ကြမယ်၊ ပူးပေါင်းကြမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှု (Trust) မရှိဘဲ ဘယ်လိုမှ ရှေ့တက်လို့ မရပါဘူး။ တစ်ဖက်တည်းက ပေးနေလို့လည်း မရပြန်ပါဘူး။ တစ်ဖက်တည်းရဲ့ ယုံကြည်မှုဆိုတာ တလွဲအသုံးချခံရတတ်ပါတယ်။ ဒါကြောင့် ယုံကြည်မှုကို ရယူမယ်၊ ခိုင်မာတဲ့ယုံကြည်မှုကို တည်ဆောက်ကြမယ်ဆိုရင် ဘက်နှစ်ဖက်ကြား အဆက်မပြတ် ထိတွေ့ဆက်ဆံပြီး တွေ့ဆုံဆွေးနွေးနေကြဖို့ပဲဖြစ်ပါတယ်။

အပြန်အလှန် ဆုံတွေ့ဆွေးနွေးမှုက ရင်းနှီးခင်မင်မှုကိုပေးပြီး အရေးအကြီးဆုံးဖြစ်တဲ့ တစ်ဖက်နဲ့တစ်ဖက်အကြား စိုးရိမ်မှုအနေအထားကို လျော့ပါးစေတယ်၊ အဆုံးမှာ သံသယစိတ်တွေ၊ အာဃာတတွေပါ ပပျောက်ပြီး ယုံကြည်မှု (အောက်ခြေမြေပြင် တပ်ဖွဲ့ဝင်များမှသည် အထက်ဗဟိုအဆင့်အထိ) ကို ရလာစေမှာ ဖြစ်ပါတယ်။ ယုံကြည်မှုရလာရင် နားလည်မှု ပေးလာနိုင်မယ်၊ အဲဒီကမှတစ်ဆင့် ဆန့်ကျင်ဘက်ဆီက လေးစားမှုတွေကတစ်ဆင့် အပြန်အလှန် အသိအမှတ်ပြုနိုင်ခြင်းမျိုးအထိ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မပြတ်တွေ့ဆုံဆွေးနွေးမှုက ရင်းနှီးမှုကို ဘယ်လို ရယူနိုင်သလဲဆိုရင် သည်းခံမှု၊ စေတနာထားမှု၊ မျှမျှတတနဲ့ သဘောထားကြီးမှု၊ အကောင်းမြင်မှု၊ အပြုသဘောဆန်မှု၊ သူ့အကျိုး ကိုယ့်အကျိုး အပြန်အလှန်ကြည့်ရှုပြီး သူလည်းအနိုင် ကိုယ်လည်း အနိုင်ရစေမယ့် ညှိနှိုင်းမှုစွမ်းရည်တွေကတစ်ဆင့် တည်ဆောက်နိုင်ပါတယ်။ ညှိနှိုင်းမှုကောင်းရင် တစ်ဦးလိုလားချက် တစ်ဦးကသိလာပြီးနောက်မှာ ငါလုပ်တာလည်း သူ့အကျိုး၊ သူလုပ်တာလည်း ငါ့အတွက်ပါလားဆိုတဲ့ ခံစားချက်မျိုးအထိ ထိမိသွားစေပါတယ်။

ဒီလိုကိုယ်ရည်ကိုယ်သွေးတွေနဲ့ ညှိနှိုင်းမှုစွမ်းပကားတွေနဲ့သာလျှင် နှစ်ဖက်သဘောထားကွဲလွဲမှုတွေနဲ့ မတူညီတဲ့အမြင်တွေ နီးသထက်နီးလာမှာဖြစ်ပါတယ်။ အကျိုးစီးပွားချင်းဝေးနေသူတွေကြား နီးစပ်မှုရှိလာတဲ့အခါ ထိပ်တိုက်ရင်ဆိုင်မှုတွေနဲ့ ပဋိပက္ခတွေကို ရှောင်လာနိုင်မှာဖြစ်သလို လက်တွေ့ကျတဲ့ ရလဒ်ကောင်းတွေကိုလည်း အကြမ်းမဖက်တဲ့နည်းနဲ့ ရယူပေးလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အလွယ်တကူနဲ့ ရရှိခဲ့ခြင်းမဟုတ်တဲ့ သမိုင်းဝင် NCA ကို လွယ်လွယ်နဲ့ ပျက်ပြယ်သွားဖို့ မသင့်ပါကြောင်းနဲ့ လေးစားလိုက်နာဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အာရုံမှာ တစ်ဖက်ရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်သံတွေနဲ့ အဆက်မပြတ်တောင်းဆိုသံတွေကြောင့် ငြိမ်းချမ်းရေးလမ်းစတွေ့မြင်ရနေဆဲပါ၊ အပျောက်ခံလို့ မဖြစ်ပါဘူး။ တည်ငြိမ်အေးချမ်းမှုနဲ့ သာယာဝပြောမှုအတွက် အာမခံချက်ရှိမယ့် ဒီမိုကရေစီဖက်ဒရယ်နဲ့ ငြိမ်းချမ်းရေးခရီးရှည်ကို ဆက်လျှောက်ကြရဦးမှာပါ။ သို့မှသာ နိုင်ငံရေးအရ တည်ငြိမ်မှုကတစ်ဆင့် စီးပွားရေး တည်ငြိမ်မှုရရှိပြီး တိုင်းရင်းသားပြည်သူတွေရဲ့ လူမှုဘဝတွေ ဆက်တိုက်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမှသည် ဆင့်ကဲဖွံ့ဖြိုးမှု၊ ဖွံ့ဖြိုးမှုမှသည် တစ်ဖန်ငြိမ်းချမ်းမှုဆီသို့ ကောင်းကျိုးသံသရာ (Virtuous cycle) ကို ထပ်ကာထပ်ကာလည်စေတော့မှာ ဖြစ်ပါတယ် ။ ဒါကြောင့် ဘာဖြစ်လို့ ကျွန်တော်တို့တွေ စစ်ပွဲတွေကြောင့် တန်ဖိုးရှိ လူ့စွမ်းအားအရင်းအမြစ်တွေ အဆုံးရှုံးခံတော့မလဲ . . . နိုင်ငံနာအောင် ဘာကြောင့်လုပ်ကြမှာလဲ။

အဓိကအချက်က လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းခြင်းမှ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးမှ သာယာဝပြောမှုဆီ၊ ထိုမှ...ထိုမှ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်အဖြစ်ကိုရောက်မယ်ဆိုတာ သေချာသိနေတဲ့ ဘက်တစ်ဖက်မှာတော့ အဆုံးပန်းတိုင် (Ends) အတွက် NCA ဆိုတဲ့ Means နည်းလမ်းတွေရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် အရှေ့တစ်ခုရောက်အောင် အားလုံးက ပြိုင်တူတွန်းဖို့ပဲ လိုပါတော့တယ်။ ။

နိုင်ငံ့ဝင်ငွေတိုးတက်ရေး ထောက်ပံ့ပေးလျက်ရှိသည့် တိုင်းပဲခူး၏ ငါးမွေးမြူရေးလုပ်ငန်းများ

မြတ်သူ

အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် အာဟာရဖူလုံရေးဆိုင်ရာ ကဏ္ဍနှစ်ခုအတွက် ငါးမွေးမြူရေးလုပ်ငန်းများမှ တိုးတက်ထုတ်လုပ်ထောက်ပံ့နိုင်ရန် လိုအပ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတွင်း ငါးစားသုံးမှုသည် အသားစားသုံးမှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်ရှိနေသည့်အတွက်ဖြစ်သည်။

ဂျီဒီပီ၏နှစ်ရာခိုင်နှုန်းကို ငါးလုပ်ငန်းကဏ္ဍက ဖြည့်ဆည်း

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့ငါးမွေးမြူထုတ်လုပ်သည့် နိုင်ငံများတွင် မြန်မာနိုင်ငံသည် အဆင့်(၈)နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။ ထို့အပြင် မြန်မာနိုင်ငံ ဂျီဒီပီ၏နှစ်ရာခိုင်နှုန်းကို ငါးလုပ်ငန်းကဏ္ဍက အထောက်အကူပြု ဖြည့်ဆည်းပေးလျက်ရှိကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံ၏ ပြည်ပသို့ ငါးတင်ပို့မှုသည် ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှုအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည့် အခွင့်အလမ်းများ အများအပြားရှိနေသည်။

ငါးလုပ်ငန်းကဏ္ဍတွင် ငါးများကို ဖမ်းဆီးထုတ်လုပ်ခြင်းနှင့် မွေးမြူထုတ်လုပ်ခြင်းဟူ၍ ကဏ္ဍနှစ်ရပ်ပါဝင်သည်။ ငါးဖမ်းထုတ်လုပ်ခြင်းနှင့် ငါးမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းနှစ်ရပ်လုံးတွင် ပါဝင်သည့် လုပ်သားအင်အားစုကြီးသည် အခြေခံပြည်သူများဖြစ်ပြီး ၎င်းတို့၏ စားဝတ်နေရေးသည် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးမှုအပေါ် များစွာတည်မှီနေသည်။

ပြည်တွင်းစားသုံးသူများ လိုအပ်ချက်နှင့် ပြည်ပဈေးကွက် တင်ပို့နိုင်မှုအခြေအနေများတွင် အလားအလာကောင်းများစွာ ရှိနေသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးထုတ်လုပ်မှုပိုမိုတိုးတက်စေရေး ကျုံးသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်နေမှုကို တွေ့ရစဉ်။

ပြည်ပဈေးကွက်တင်ပို့နိုင်ရန် ကြိုးပမ်း

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ငါးမွေးမြူရေးလုပ်ငန်းရှင်များသည် ငါးမွေးမြူရေးလုပ်ငန်းများမှသည် ပြည်တွင်းစားသုံးသူများ လိုအပ်ချက်နှင့် ပြည်ပဈေးကွက်တင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အင်းများ၊ အိုင်များ၊ ကန်များဖြင့်ငါးမွေးမြူမှုများသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးလုပ်ငန်းရှင်များသည်လည်း မွေးမြူရေးလုပ်ငန်းမှသည် ဒေသစီးပွား၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုရရှိရန် ကြိုးပမ်းလျက်ရှိသည်။

“တိုင်းဒေသကြီးထဲက ငါးမွေးမြူရေးစနစ်မှာ စိုက်ပျိုးရေးကနေထွက်ရှိလာတဲ့ ဖွဲနု၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ် စတာတွေနဲ့ မွေးကြတာမို့ ငါးကလတ်ဆတ်တယ်၊ သဘာဝအတိုင်းဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ဧက ၈၀၀ ကနေ ငါးမြစ်ချင်းပိဿာချိန် သိန်း ၂၀ လောက် ထုတ်နေပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်နိုင်သလောက် ရောင်းရမယ့်အခြေအနေပါ။ ဒါပေမဲ့ အစာဈေးနှုန်းက တက်နေတော့ မွေးတဲ့သူတွေ အခက်အခဲဖြစ်ကြတယ်။ တိရစ္ဆာန်အစာအခြေခံဖြစ်တဲ့ စိုက်ပျိုးရေးထွက်ကုန်ကြမ်းတွေက ပြည်ပပို့ကုန်အဖြစ် အကုန်စီးထွက်သွားတော့ အဆင်မပြေတော့တာပါ။ လုပ်ငန်းရှင်တွေ အဆင်ပြေဖို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ငွေချေးပေးတာလည်းရှိပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ထပ်ပြီးတော့လည်း စိုက်ပျိုးရေးကထွက်တဲ့ တိရစ္ဆာန်အစာဈေးနှုန်း တည်ငြိမ်အောင်နဲ့ ပြည်ပဈေးကွက်ရရှိအောင် ကူညီပေးစေချင်ပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဦးသန်းစိုးက ပြောသည်။

> ❝ပဲခူးတိုင်းဒေသကြီးမှ မွေးမြူထွက်ရှိသည့် ငါးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပိတောက်ငါးဈေး၊ ကြည့်မြင်တိုင်ငါးဈေးတို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် EU နိုင်ငံများနှင့် အခြားနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ငါးမွေးမြူသူဦးရေ ၅၈၂၆ ဦးရှိပြီး ငါးမွေးကန်ဧက ၃၁၁၉၈ ဒသမ ၂၆၇ ဧကရှိ❞

ပဲခူးတိုင်းဒေသကြီးမှ မွေးမြူထွက်ရှိသည့် ငါးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပိတောက်ငါးဈေး၊ ကြည့်မြင်တိုင်ငါးဈေးတို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် EU နိုင်ငံများနှင့် အခြားနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ငါးမွေးမြူသူဦးရေ ၅၈၂၆ ဦးရှိပြီး ငါးမွေးကန်ဧက ၃၁၁၉၈ ဒသမ ၂၆၇ ဧက ရှိကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

“ခရိုင်အလိုက်အနေနဲ့ ပဲခူးမှာဆိုရင် ငါးမွေးသူ ၃၅၂၈ ဦးနဲ့ ငါးမွေးကန် ၁၀၀၂၂ ဒသမ ၂၀၀ ဧက၊ ညောင်လေးပင်မှာ ၄၅၅ ဦးနဲ့ ၁၈၂၇ ဒသမ ၁၁၀ ဧက၊ တောင်ငူမှာ ၁၂၇ ဦးနဲ့ ၁၄၉၆ ဒသမ ၉၄၀ ဧက၊ သာယာဝတီမှာ ၇၂၁ ဦးနဲ့ ၁၀၉၂၂ ဒသမ ၈၁၇ ဧက၊ နတ္တလင်းမှာ ၇၂၃ ဦးနဲ့ ၅၉၈၀ ဒသမ ၅၁၀ ဧက၊ ပြည်မှာ ၂၇၂ ဦးနဲ့ ၉၄၈ ဒသမ ၆၉ ဧက ရှိပါတယ်။ ဒီလို မွေးမြူမှုကနေ ငါး ၆၀၃၃၄ ဒသမ ၇၄၀ ပိဿာ ထုတ်လုပ်မှုရှိပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

“အခုအချိန်မှာ အစာကုန်ကြမ်းဈေးက သုံးဆလောက်အထိ တက်သွားတယ်။ ဒီတော့ ရင်းနှီးစိုက်ထည့်ရတဲ့ငွေပမာဏက များလာတယ်။ ကျွန်တော်တို့ ငါးမွေးမြူတဲ့အခါ အစာစရိတ်နဲ့ ငါးထုတ်ရမယ့်အချိန်နဲ့ ရောင်းမယ့်နှုန်းက အမြဲချိန်ဆနေရပါတယ်။ ပြည်တွင်းစားသုံးမှုဈေးကွက်ကို ဖြည့်ဆည်းနိုင်ဖို့လည်း ကြည့်ရတယ်။ ပြည်ပပို့နိုင်ဖို့လည်း စဉ်းစားရတယ်။ အခုက ငါးဈေးကတော့ မတက်ဘူး။ ပြည်တွင်းစားသုံးမှုကို မထိခိုက်တဲ့ဈေးနှုန်းကိုလည်း ကြည့်ရပါတယ်။ ပြည်ပပို့ကုန်ဈေးကွက်ကတော့ ဈေးနှုန်းတက်နေတဲ့အတွက် အဲဒီဈေးကွက်ရရှိရင်တော့ ကျွန်တော်တို့ မွေးနိုင်ပါတယ်။ ပြည်တွင်းအတွက်လည်း ကာမိတယ်။ ဒါကြောင့် ကျွန်တော်တို့လို တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်တွေအတွက် နိုင်ငံတော်ရဲ့ကူညီပံ့ပိုးမှုအားလည်း လိုအပ်ပါတယ်” ဟု သနပ်ပင်မြို့နယ် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ဒေါက်တာခင်မောင်မြင့်က ဆိုသည်။

ငါးမွေးမြူလုပ်ကိုင်သူ အများဆုံးရှိ

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်မြို့နယ်သည် လက်ရှိငါးမွေးမြူလုပ်ကိုင်သူ အများဆုံးရှိကြောင်းသိရပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သနပ်ပင်မြို့နယ်မှ ခန့်မှန်းငါးပိဿာချိန် ၅၀၇၂၀၀၀ ထွက်ရှိနိုင်ကြောင်း သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“ငါးမွေးသူ ဦးရေက ၄၂၂ ဦးရှိပြီးတော့ မွေးမြူဧက ၄၇၈၅ ဒသမ ၃၅ ဧက ရှိပါတယ်။ ငါးမွေးမြူရေးကနေ အခုနှစ် ၅၀၇၂၀၀၀ ပိဿာ ထွက်ရှိနိုင်ပြီးတော့ အင်းလုပ်ငန်း၊ ဘုံငါးဖမ်းလုပ်ငန်းစတဲ့ လုပ်ငန်းတွေအပါအဝင် ငါးပိဿာချိန် ၁၃၀၁၆၀၀၀ လောက်ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်”ဟု သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေဝင်းက ပြောသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကိုဗစ်-၁၉ ရန်ပုံငွေမှ တစ်ဆင့် ကူညီထောက်ပံ့ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် ၁၇ ဦးသို့ ငွေကျပ်သိန်း ၂၉၁၀ ဒသမ ၀၀ အား ထုတ်ချေးထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတ တိုးပွားလာစေရေး၊ မျိုးကောင်းမျိုးသန့်ငါးမျိုးများ ပြန့်ပွားလာစေရေးအတွက် ပဲခူး၊ သနပ်ပင်၊ စာမျက်နှာ ၉ သို့ ✢

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးမွေးမြူရေးကန်များမှ မွေးမြူရေးငါးဖော်နေမှုကို တွေ့ရစဉ်။

ဟသ်ာတနည်းပညာတက္ကသိုလ် အီလက်ထရောနစ်အင်ဂျင်နီယာဌာနမှ ကျောင်းသား ကျောင်းသူများ Global Earth Agro & Aqua Industry Public Co., Ltd သို့ လာရောက်လေ့လာမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd သို့သွားရောက်၍ ဟသ်ာတနည်းပညာတက္ကသိုလ် အီလက်ထရောနစ် အင်ဂျင်နီယာဌာနမှ ကျောင်းသား ကျောင်းသူ ၉၆ ဦးတို့သည် လေ့လာရေးခရီးစဉ်အနေဖြင့် ငါးမွေးမြူရေး၊ စပါးခွံလောင်စာသုံး gasifier ဖြင့် gas engine အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လေ့လာနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး၌ စပါးတင်းသိန်းပေါင်း ၄၀၀၀ ကျော်ထွက်ရှိပြီး စပါးခွံတန်ချိန် ၁၈ သိန်းကျော်နှင့် ဖွဲနုတန်ချိန် ခုနစ်သိန်းကျော် ထွက်ရှိပါကြောင်း၊ စက်ရုံအတွက် တစ်နှစ်လိုအပ်မည့် စပါးခွံတန်ချိန် ငါးသိန်းကျော်နှင့် ဖွဲနုတန်ချိန်နှစ်သိန်းကျော်အတွက် လုံလောက်မှုရှိရာ အချိန်မီစုဆောင်းသိုလှောင်ရန်လိုအပ်ပါကြောင်း၊ အခြားကုန်ကြမ်းများဖြစ်သည့် ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်မျိုးစုံလည်းထွက်ရှိပါကြောင်း၊ စက်ရုံများရာနှုန်းပြည့်ပြီးစီး၍ ဇီဝမြေသြဇာနှင့် တိရစ္ဆာန်အစာထုတ်လုပ်နိုင်ပါက စိုက်ပျိုးရေး၊ မွေးမြူရေး တောင်သူများ သက်သက်သာသာဖြင့် မြေသြဇာများဝယ်ယူအသုံးပြုနိုင်မည်ဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စပါးခွံလောင်စာသုံး boiler ဖြင့် Turbine စနစ် အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ် နှစ်လုံး၊ (၃၀ မဂ္ဂါဝပ်) လျှပ်စစ်ထုတ်လုပ်နိုင်မည့် စက်ရုံအတွက် စက်ပစ္စည်းများရောက်ရှိလာမှုနှင့် တည်ဆောက်ရေး၊ တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စပါးခွံလောင်စာသုံး gasifier ဖြင့် gas engine အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ၁၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်နေမှု၊ စပါးခွံများ စနစ်တကျသိုလှောင်နိုင်ရန် သိုလှောင်ရုံများတည်ဆောက်နေမှုများ၊ အအေးခဲစက်ရုံတွင် automated cold storage warehouse စနစ်တည်ဆောက်ရန် အပူချိန်ထိန်း နံရံပြားများနှင့် Insulation ဖော့ပြားများအသုံးပြု၍ နောက်ဆုံးကြမ်းခင်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ အအေးပေးစက်များတပ်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံ စားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၈၄၄ အိတ် တန်ဖိုးငွေကျပ် ၁၀၀၀ ဒသမ ၅၀ သိန်းနှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ပိဿာ ၂၈၀ တန်ဖိုးငွေကျပ် ၄၂ သိန်း စုစုပေါင်းငွေကျပ် ၁၀၄၂ ဒသမ ၅၀ သိန်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမ အသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်များ စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

မူဆယ် အောက်တိုဘာ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သော မူဆယ်မြို့တွင် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို ရက်ချိန်းပေးစနစ်ဖြင့် စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီခွဲတွင် မူဆယ်ခရိုင် အားကစားကွင်းအတွင်း၌ ခရိုင်/မြို့နယ်လဝက ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၏ လမ်းညွှန်မှုဖြင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက ဦးစီးကြပ်မတ်၍ မြို့နယ်လဝကဦးစီးမှူး၊ ဦးစီးအရာရှိ ဦးစန်းလွင်နှင့်ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းကာ အောက်တိုဘာ ၉ ရက်မှ ၁၇ ရက်အထိ ယာယီနယ်စပ်ဖြတ်သန်း သွားလာခွင့် လက်မှတ် ဖြင့် သွားရောက်မည့် ဦးရေ ၅၃၅၈ ဦး အတွက် ကိုးရက်စာ တစ်ခါသုံး ကတ်များ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ TBP တစ်ခါသုံးကတ်များကို စက်တင်ဘာ ၁၃ ရက်တွင် သုံးရက်စာ ဦးရေ ၁၅၀၀၊ စက်တင်ဘာ ၁၆ ရက်တွင် ၁၃ ရက်စာ ဦးရေ ၆၄၆၆ ဦး၊ စက်တင်ဘာ ၃၀ ရက်တွင် ကိုးရက်စာ ဦးရေ ၅၀၃၅ တို့အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့် လက်မှတ်များကို စက်တင်ဘာ ၁၃ ရက်မှစ၍ ရက်ချိန်းပေး စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး အောက်တိုဘာ ၇ ရက်အထိ ၃၄ ရက်စာ ဦးရေ ၁၃၇၁၈ ဦး ပြုလုပ်ဆောင်ရွက်ပြီးဖြစ်သည်။

ယခင်က မြန်မာပြည်ဘက်မှ တစ်ခါသုံးကတ် TBP များဖြင့် တစ်ရက်လျှင် နန်းတော်ဂိတ်မှ ဦးရေ ၃၀၀ နှင့် ဆင်ဖြူဂိတ်မှ ဦးရေ ၂၀၀ ဖြင့် ဖြတ်သန်းသွားလာနိုင်ပြီး စက်တင်ဘာ ၃၀ ရက်တွင် နန်းတော်ဂိတ်မှ ဦးရေ ၃၃၀ နှင့် ဆင်ဖြူဂိတ်မှ ဦးရေ ၂၅၀အထိ ဝင်ရောက်နိုင်ရန် နှစ်နိုင်ငံအာဏာပိုင်များ ညှိနှိုင်းဆွေးနွေး၍ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

✢ စာမျက်နှာ ၈ မှ

အုတ်ဖို စသည့်ဌာနပိုင်ငါးသားပေါက်စခန်း သုံးခုမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငွေရောင်ငါးကြင်း၊ ငါးခုံးမကြီး စသည့် ငါးမျိုးများကို ငါးသားဖောက်ဖြန့်ဖြူးမျိုးစိုက်ဆောင်ရွက်လျက်ရှိသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းတွေကနေ ပြည်တွင်းစားသုံးမှုအတွက်၊ ပြည်ပတင်ပို့နိုင်ဖို့အတွက် မွေးမြူထုတ်လုပ်ပေးနေပါတယ်။ အဲဒီလုပ်ငန်းတွေ အဆင်ပြေစေဖို့ ကျွန်တော်တို့ဌာနအနေနဲ့ နည်းပညာနဲ့ ဈေးကွက်ရရှိအောင် ကူညီဆောင်ရွက်ပေးရပါတယ်။ ပြီးတော့ ငါးသယံဇာတ တိုးပွားဖို့အတွက် ဌာနပိုင် ငါးသားဖောက်စခန်းတွေကနေ ငါးသားပေါက် မွေးမြူဖြန့်ဖြူးပေးတဲ့လုပ်ငန်းတွေနဲ့ သဘာဝရေပြင်တွေထဲကို ငါးသားပေါက်မျိုး စိုက်ထည့်တဲ့ လုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ငါးမျိုးစိုက်ဆောင်ရွက်

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစ်၊ ချောင်း သဘာဝရေပြင်များအတွင်းသို့ ၄၂ ကြိမ် ငါးမျိုးစိုက်ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းမျိုးငါး ငါးဖယ်အောင်း ၁၅၀၀၀၀၊ ငါးဖန်းမ ၂၅၀၀၀၀၊ ငါးပြေမ ၅၀၀၀၀၊ ရွှေဝါငါးကြင်း ၁၁၂၅၀၀၀ မျိုးစိုက်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။

"ငါးမျိုးစိုက်ရာသီကာလအတွင်း လျာထားချက်ကောင်ရေ ၁၂၄ ဒသမ ၄ သိန်းအပေါ်မှာ ၁၀၄ ဒသမ ၈ ရာခိုင်နှုန်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနကနေ တခြားဌာန၊ အဖွဲ့အစည်းတွေ သီးခြား ငါးမျိုးစိုက်ထည့်ဖို့နဲ့ စမ်းသပ်မွေးမြူဖို့အတွက် ဖြန့်ဖြူးပေးနေတာလည်း ရှိပါတယ်။ ဌာနပိုင်စခန်း သုံးခုကနေ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၇၀၇၀၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ်ပင်၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ အုတ်ဖို၊ သာယာဝတီ၊ ပဲခူး၊ မိုးညို၊ တောင်ငူ၊ အုတ်တွင်း၊ ဒိုက်ဦး၊ ပြည်၊ ဝေါ၊ သနပ်ပင် စသည့်မြို့နယ် ၁၃ မြို့နယ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကျော် ဖြန့်ဖြူးထားကြောင်း သိရသည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှု တိုးတက်ရေးသည် နိုင်ငံ့ဝင်ငွေတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက်ဖြစ်သကဲ့သို့ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့်လည်း တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲမှ ပဲခူးတိုင်းဒေသကြီး၏ ငါးမွေးမြူရေးလုပ်ငန်းများမှသည် နိုင်ငံ့ဝင်ငွေတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တစ်တပ်တစ်အား ထောက်ပံ့ပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ပွင့်လင်းရာသီ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများနှင့် မင်းဘူးမြို့၏ အထင်ကရနေရာများ

မင်းဘူး အောက်တိုဘာ ၈

မင်းဘူးမြို့သည် အေးချမ်းသာယာ၍ တန်ခိုးကြီးဘုရားများနှင့် လေ့လာလည်ပတ်စရာ အထင်ကရနေရာများစွာ ရှိတာကြောင့် ကမ္ဘာလှည့်ခရီးသွား အများအပြား ဝင်ရောက်လျက်ရှိသော မြို့တစ်မြို့ ဖြစ်သည်။



မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်ရာဒေသများပေါ်များလှပေရာ သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိနေသော မန်းချောင်းဝန်းကျင်ရှိ တောတောင်နှင့် လျှိုမြောင်ချိုင့်ဝှမ်းများ၊ ရေတံခွန်စိမ့်စမ်းနှင့် မန်းချောင်းအပန်းဖြေ ဆင်စခန်းအပြင် သမိုင်းဝင် မန်းရွှေစက်တော်ဘုရား၊ စက္ကိန်းတဲဘုရား၊ သမုဒ္ဒဂီရိစေတီတော်မြတ်ကြီး၊ ဦးသြဘာသ ပိဋကတ်တိုက်၊ စကုမြို့မှ ထေရ်ကြီးစေတီ၊ စကုရုပ်စုံကျောင်း၊ လယ်ကိုင်းရုပ်စုံကျောင်း၊ ပိဋကတ်တိုက်ကျောင်းစသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များမှာလည်း ထင်သာမြင်သာ ရှုမောဖွယ်ရာဖြစ်သည်။

ထို့အပြင် ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်မှ ရှားပါးမျိုးစိတ် သတ္တဝါများဖြစ်သော ကြယ်လိပ်နှင့် ရွှေသမင်များအပြင် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး၊ ငါးမျိုးစိတ် ၂၂ မျိုး၊ ငှက်မျိုးစိတ် ၁၁၃ မျိုး၊ စွေ့ငှက်၊ နဖားကြူးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသားများစသော အပန်းဖြေ ကြည့်ရှုစရာများက ခရီးသွားပြည်သူများအား ဆွဲဆောင်လျက်ရှိသည်။

ဆောင်ရွက်သွားမည်

မင်းဘူးမြို့၌ လာမည့်ပွင့်လင်းရာသီတွင် ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ၊ ခရီးသွားဒေသ ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ၊ တစ်မူထူးခြားသော ဓလေ့များနှင့် စိတ်ပါဝင်စားဖွယ်ရာ အကြောင်းအရာများက မင်းဘူးမြို့၏ ပြယုဂ်သဖွယ် ထင်ကျန်နေပေဦးတော့မည်။

ဇေယျာထက်(မင်းဘူး)

ရန်ကုန်တိုင်းဒေသကြီး မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင်ဖလား U-18 အမျိုးသား၊ U-22 အမျိုးသမီး၊ U-25 အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ယှဉ်ပြိုင်ကစား

ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် U-25 အမျိုးသားပြိုင်ပွဲတွင် အုတ်ကျင်းလူငယ်နှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အုတ်ကျင်းလူငယ်အသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ U-22 အမျိုးသမီးပြိုင်ပွဲတွင် အထက(၁) တွံတေးအသင်းနှင့်RAVIES အသင်းတို့ ယှဉ်ပြိုင်ကစားရာ RAVIES အသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ U-18 အမျိုးသားပြိုင်ပွဲတွင် အုတ်ကျင်းလူငယ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)အသင်းတို့ ယှဉ်ပြိုင်ကစားရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီး ပထမ၊ ဒုတိယ၊ ပူးတွဲတတိယ ရရှိကြသော အသင်းများအား မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အမှုဆောင်များ၊ AEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဦးဇော်လင်းတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ U-22 အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ RAVIES အသင်းအား မြန်မာဘော်လီဘောလူမှုရေးအသင်း အမှုဆောင် ဒေါ်ဂျနီဖာတင်လေးက လည်းကောင်း၊ U-18 အမျိုးသားပြိုင်ပွဲ၌ တံခွန်စိုက်ဆုရအားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ U-25 အမျိုးသားပြိုင်ပွဲ၌ တံခွန်စိုက်ဆုရအုတ်ကျင်းလူငယ်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၈ ရက်အထိကျင်းပခဲ့ပြီး အသင်း ၃၃ သင်း အားကစားသမား ၃၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - လင်းရာမ

❖

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ အောက်တိုဘာ ၈

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ် ဖွဲ့ကပင်အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ဦးစွာ အမျိုးသမီးအသင်းလိုက် ကိုးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိသောအသင်းများက ပြန်လည်သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြိုင်ပွဲတွင် အားဖြည့်ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ဒိုင်အဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ဇနီးများက ကိုးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသည့်အသင်းများအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က စုပေါင်းတံခွန်စိုက်ဆုရရှိသော ဘားအံမြို့နယ်အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ငါးသိန်းကျပ်တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ချီးမြှင့်ပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ပြီး မြဝတီမြို့နယ်အသင်း၊ သံတောင်ကြီးမြို့နယ်အသင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်အသင်းတို့အား ဂုဏ်ပြုငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာ အသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင် လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက်အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများ ရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့်စပ်လျဉ်း၍မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်း မပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

လူငယ်ရေးရာကဏ္ဍ

ထီးချိုင့်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ထီးချိုင့် အောက်တိုဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က ကျောင်းသားလူငယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာဖတ်စွမ်းရည်များ တိုးတက်လာစေရန်ရည်ရွယ်၍ ယခုလိုပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒို့ကျေးရွာဂျာနယ်မှ မြေဆီလွှာပျက်စီးမှုကို ကာကွယ်ခြင်းခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲလင်းထွန်း (ထီးချိုင့်)

ဗဟန်း လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ဗဟန်း အောက်တိုဘာ ၈

ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ဗဟန်း) လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ဟောပြောပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စာရေးဆရာ ဝင်းတင်ဦး(ကြံခင်း)က လူငယ်နှင့် အခွင့်အလမ်းအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်တို့ကို ကြည့်ရှုကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မက်မန်းမြို့၌ အခြေခံပညာမူလတန်းအထက်အဆင့် ပညာတန်ဆောင် ရုပ်ပုံကြည့် စာစီစာကုံးပြိုင်ပွဲကျင်းပ

မက်မန်း အောက်တိုဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(မက်မန်း)၌ ကျောင်းသား ကျောင်းသူများ သင်ယူလေ့လာတတ်မြောက်နိုင်စေရန်၊ တွေးခေါ်စဉ်းစားတတ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန်ရည်ရွယ်၍ ပညာတန်ဆောင် ရုပ်ပုံကြည့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင်မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအထက်အဆင့် (တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း)ရှိ ကျောင်းသား ကျောင်းသူများက မိမိတို့၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်ဉာဏ်ဖြင့် ရုပ်ပုံပါ အကြောင်းအရာများကို စီကာပတ်ကုံး၍ စာစီစာကုံးများကို ဝေဝေဆာဆာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျိုက်မရောမြို့နယ်၌ မိုးစပါး ၅၆၀၁၂ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

ကျိုက်မရော အောက်တိုဘာ ၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မိုးစပါး ၅၆၀၁၂ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ၂၉၃၀ ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

မိုးစပါးများ စိုက်ပျိုးရာတွင် စပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုးစပါးမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါမိုးစပါးများကို ကျိုက်မရောမြို့နယ်၌ ဇူလိုင်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလကုန်တွင် စတင်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

မိချို(ပြန်/ဆက်)

မွန်ပြည်နယ်အတွင်းရှိ MSMEs လုပ်ငန်းရှင်များ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်တော့မည်

တွေ့ဆုံမေးမြန်း - မြင့်မြတ်သီတာ
ဓာတ်ပုံ - ဇော်ဇော်(တက္ကသိုလ်)

မွန်ပြည်နယ်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ MSMEs လုပ်ငန်းများအတွက် စိုက်ပျိုးရေးအခြေခံ အစားအစာထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာဖြန့်ဝေပေးရေးသင်တန်းကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းတွင် ခနိမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း (ခနိဝိုင်၊ ခနိလက်ဖက်ခြောက်၊ ခနိဆေးအဆီထုတ်ယူခြင်းနည်းပညာ)၊ ကျွဲကောမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း (ကျွဲကောယို၊ ကျွဲကောဝိုင်)၊ အုန်းသီးမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ မင်းကွတ်သီးနှင့် ကြက်မောက်သီးဖျော်နည်းပညာ၊ ဝါးပါကေး၊ ရော်ဘာသစ်ထုတ်ကုန်ပြုလုပ်သည့်နည်းပညာ၊ Vacuum- frying အသီးအနှံအခြောက်များ ထုတ်လုပ်ခြင်း၊ Freeze Dired တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း (ပိန္နဲသီး၊ ဒူးရင်းသီးခြောက်ပြုလုပ်နည်း)

ဦးတိုးဝင်း

ဒေါက်တာသဇင်ဟန်

ဒေါက်တာကေသွယ်ခိုင်

ဒေါက်တာသီတာအောင်

ဦးအောင်သိန်း

စသည့်နည်းပညာများ ဖြန့်ဝေပေးသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၀) စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် MSMEs လုပ်ငန်းများအတွက် မွန်ပြည်နယ် စိုက်ပျိုးရေးအခြေခံ အစားအစာထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာဖြန့်ဝေပေးရေးသင်တန်းကို စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ဖွင့်လှစ်ပို့ချပေးခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ MSMEs လုပ်ငန်းရှင်များ၊ သင်တန်းသူသင်တန်းသား ၁၄၃ ဦး တက်ရောက်သင်ကြားခဲ့ရာ တက်ရောက်လာသူများ၏စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-

ဦးတိုးဝင်း(အတွင်းရေးမှူး)
မွန်ပြည်နယ်အစိုးရအဖွဲ့

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်နဲ့ SME ထုတ်ကုန်တွေကို တိုးမြှင့်ထုတ်လုပ်ဖို့၊ Value Added ဖြစ်အောင်ထုတ်လုပ်ဖို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ်က အမြဲမပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီသင်တန်းဖြစ်ပေါ်လာတာကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး မွန်ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်တွေစစ်ဆေးတဲ့ခရီးစဉ်မှာ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ညှိနှိုင်းမှုအရဖြစ်ပေါ်လာတာပါ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်က ကျောင်းတွေဟာ ပြည်နယ်ရဲ့ဒေသဖွံ့ဖြိုးရေးကို ကူညီပေးဖို့၊ မွန်ပြည်နယ်မှာ လိုအပ်နေတဲ့ Production ပိုင်းနဲ့ လူသားအရင်းအမြစ်မွေးထုတ်နိုင်ရေး ပံ့ပိုးပေးဖို့ ညှိနှိုင်းခဲ့ပါတယ်။ ဒါကြောင့် ရန်ကုန်မှာရှိတဲ့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အကူအညီတောင်းခံပြီး ဒီသင်တန်းကို ဖွင့်လှစ်ခဲ့တာပါ။ ကျွန်တော်တို့မွန်ပြည်နယ်ဟာ စိုက်ပျိုးရေးကောင်းမွန်ပြီး ဥယျာဉ်ခြံထွက်သီးနှံတွေ ပေါများပါတယ်။ ရာသီအလိုက် ပြည်နယ်တွင်းသာမက အခြားဒေသတွေပါ တင်ပို့နိုင်ပါတယ်။ ဒါပေမဲ့ ရေရှည်ထိန်းသိမ်းမှုစနစ်နဲ့ ကြာရှည်ခံအောင် ဆောင်ရွက်မှုတွေ လိုအပ်နေပါတယ်။ မော်လမြိုင်မှာ Cold Store အအေးခန်း ၁၁ ခုလောက်ရှိပြီး ငရုတ်သီး၊ အချို့ငါးခြောက်တွေပါ ထားနိုင်ပါတယ်။ ဒါပေမဲ့ အသီးအနှံတွေကိုတော့ အအေးခန်းနဲ့ထားရာမှာ နည်းပညာလိုအပ်နေပါတယ်။ အခုသင်တန်းမှာ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက အစားအသောက်နဲ့ပတ်သက်တဲ့ အသီးအနှံတွေကိုအခြောက်ခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဆောင်ရွက်တဲ့နည်းပညာ၊ ခနိဝိုင်၊ ခနိလက်ဖက်ခြောက်၊ ခနိအဆီထုတ်ယူခြင်း၊ ကျွဲကောဝိုင်၊ မင်းကွတ်သီး၊ ကြက်မောက်သီးဖျော်နည်းပညာနဲ့ ရော်ဘာသစ်နဲ့ ဝါးပါကေး ထုတ်လုပ်ခြင်းနည်းပညာတွေ ဖြန့်ဝေတဲ့အတွက် အလွန်အင်မတန်အကျိုးရှိတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာရှိတဲ့ ကုန်သည်၊ စက်မှုအသင်း၊ အသီးအနှံအဖွဲ့တွေ၊ ရော်ဘာအဖွဲ့အစည်းတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအဖွဲ့နဲ့ပတ်သက်တဲ့ MSMEs လုပ်ငန်းရှင်တွေ ၁၄၃ ဦး တက်ရောက်နိုင်ခဲ့တဲ့အတွက် မွန်ပြည်နယ်အတွက် အလွန်အကျိုးရှိပါတယ်။ ပြသတဲ့စက်တွေကိုလည်း ဝယ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ ဒါကြောင့် မဲခေါင်-လန်ချန်းအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ ဒီအစီအစဉ်ကို ဖော်ဆောင်တဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ သင်ကြားပေးသူ ဆရာမတွေအားလုံးကို မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဒေါက်တာသဇင်ဟန် (ညွှန်ကြားရေးမှူး)
သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန

ကျွန်မအနေနဲ့ ဒီသင်တန်းမှာ ခနိနဲ့ကျွဲကောသီးကနေ တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်နိုင်တဲ့နည်းအဆင့်ဆင့်ကို လက်တွေ့သင်ကြားပေးတာဖြစ်ပါတယ်။ ခနိပင်တစ်ပင်လုံးကို အမျိုးမျိုးအသုံးပြုလို့ရတဲ့ အထဲမှာမှ တစ်ပင်လုံးရဲ့အသက်ဟာ ခနိဖူးလေးဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ ကျွဲကောသီးတွေက များစွာထွက်ရှိတဲ့သီးနှံတွေဖြစ်လို့ အရည်အသွေးမီထုတ်ကုန်ရရှိစေဖို့ ကုန်ကြမ်းရွေးချယ်မှုမှ ကုန်ချောထွက်ရှိတဲ့အထိ အဆင့်တိုင်းကို သေချာစွာထိန်းချုပ်ဖို့ အရေးကြီးပါတယ်။

ဒေါက်တာကေသွယ်ခိုင်(ဒုတိယညွှန်ကြားရေးမှူး)
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန

မြန်မာနိုင်ငံမှာ ပေါများစွာထွက်ရှိတဲ့အသီးအနှံတွေ လေလွင့်ဆုံးရှုံးမှုကိုလျှော့ချပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်တဲ့သီးနှံများစွာရှိပါတယ်။ ကျွန်မအနေနဲ့ သင်တန်းမှာ မင်းကွတ်သီး၊ ကျွဲကောသီးဖျော်ရည်လုပ်နည်း၊ အသီးတွေကို အေးခဲအခြောက်ခံနည်းပညာတွေ သင်ကြားပေးတာဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ မင်းကွတ်သီး၊ ဒူးရင်းသီးတွေ ပေါများစွာထွက်ရှိပြီး အသီးအနှံတွေ လတ်ဆတ်နေလို့ လက်တွေ့သင်ကြားတဲ့အခါမှာ အဆင်ပြေပါတယ်။ ဒူးရင်း၊ ပိန္နဲ၊ နဂါးမောက်၊ စိန်တစ်လုံးသရက်လို ရာသီအလိုက် ကုန်ကြမ်းပေါများစွာထွက်ရှိတဲ့သီးနှံတွေကို Freeze Dry နည်းပညာကို အသုံးပြုပြီး အဆင့်မြင့်ထုတ်ကုန်ပြုလုပ်ဖို့ သင့်လျော်ပါတယ်။ သင်တန်းမှာ နည်းပညာတွေ သင်ကြားခွင့်ရပြီး မွန်ပြည်နယ်အတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်သွားနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ဝမ်းမြောက်မိပါတယ်။

ဒေါက်တာသီတာအောင်(ဒုတိယညွှန်ကြားရေးမှူး)
ဓာတုနည်းပညာသုတေသနဇဟိုဌာန

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဝါးစိုက်ပျိုးမှု တတိယအများဆုံးနိုင်ငံဖြစ်ပါတယ်။ ဒီသင်တန်းမှာ ကျွန်မအနေနဲ့ ဝါးပါကေးပြုလုပ်နည်း၊ ရော်ဘာသစ်ထုတ်ကုန်ပြုလုပ်နည်း၊ အုန်းသီးကနေ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်နည်းတွေကို ဖြန့်ဝေပေးတာဖြစ်ပါတယ်။ ဝါးနဲ့ပတ်သက်ပြီး ဝါးကုန်ကြမ်းရွေးချယ်တာ၊ တာရှည်ခံအောင်ပြုလုပ်တာ၊ ပါကေးပြုလုပ်တဲ့အခါ အသုံးပြုမယ့် ကော်ရွေးချယ်မှုက အရေးကြီးတယ်ဆိုတာလည်း ပြောပြထားပါတယ်။ ပေါင်းခံထားတဲ့ ရော်ဘာသစ်ခွဲသားတွေကို finger joint အသားတုံးငယ်လေးတွေအဖြစ် ထွင်းပြီး အသွားစိပ်စိပ် ချိတ်ဆက်ကာ အပူအအေးဒဏ်ခံနိုင်ဖို့ ခေတ်မီစက်ကြီးတွေနဲ့ပေါင်းခံပြီး အဆင့်ဆင့်ထုတ်လုပ်တဲ့ အသားပြားအချပ်တွေအဖြစ် ထုတ်လုပ်နိုင်တဲ့အပြင် ဘေးထွက်ရရှိလာတဲ့ သစ်သားစကေးလေးတွေကိုလည်း အချပ်ပြားတွေပြုလုပ်ပြီး လူသုံးကုန်ပစ္စည်းတွေကို ထုတ်လုပ်နိုင်ပါတယ်။ အုန်းသီးအလေအလွင့်ကနေလည်း တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ပါတယ်။

ဦးအောင်သိန်း(ခနိလုပ်ငန်းရှင်)
ချောင်းဆုံမြို့နယ်

ကျွန်တော်ကတော့ ချောင်းဆုံမြို့နယ် ကလွိုရွာနဲ့ ဒရယ်ရွာနှစ်ရွာကြားမှာရှိတဲ့ ခနိဧက ၁၀၀ ခန့်ကို ပိုင်ဆိုင်ထားပြီး လက်ရှိဧက ၆၀ ခန့်အတွင်း နေ့စဉ်ခနိရည် ငါးဂါလန်ဝင်ပုံး ၅၀ ခန့် ထုတ်လုပ်ပါတယ်။ မိုးအကုန် ဆောင်းနဲ့ နွေမှာ ရရှိတဲ့ခနိရည်ကို စုဆောင်းထားပြီး နှစ်နှစ်၊ သုံးနှစ်ခန့် အချဉ်ပြုထားတာကို ပေါင်းခံကျိုချက်ပြီးမှ ရှာလကာရည်ထုတ်လုပ်ပါတယ်။ ဒါပေမဲ့ အနံ့အသက်နဲ့ အရောင်ပိုင်းအားနည်းနေလို့ အခုသင်တန်းမှာ နှစ်ရှည်ထားစုဆောင်းဖို့မလိုဘဲ အချိန်တိုအတွင်း အနံ့အသက်ကောင်းမွန်ကာ မူလအရသာထက်ထူးကဲမှုရှိတဲ့နည်းလမ်းတွေကို လက်တွေ့သင်ကြားပေးတယ်။ ဆရာမတွေရဲ့လမ်းညွှန်ချက်အတိုင်း စမ်းသပ်ကြည့်တာ အနံ့အသက်ကောင်းမွန်မှုကို လက်တွေ့တွေ့ရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ထုတ်လုပ်ရောင်းချဖြစ်ခဲ့ရင် “ဒီရေတောအရသာ ခနိရှာလကာ” ဆိုတဲ့အမည်လေးကို ယာယီပေးထားပါတယ်။ ဆရာမတွေကလည်း ပင်လယ်ဆားဓာတ်လေးပါနေလို့ အရသာပိုပြီးထူးကဲတယ်လို့ ချီးမွမ်းအားပေးစကားတွေနဲ့အတူ ဒီလိုသင်တန်းကို တက်ရောက်ရတဲ့အတွက် မကြာမီကာလအတွင်းမှာ မျှော်မှန်းထားတဲ့ဒေသထွက်ကုန်တစ်ခု ဈေးကွက်တွင်း ထိုးဖောက်ကာ မိသားစုဝင်ငွေတိုးလမ်းစပွင့်လာမယ်လို့ မျှော်လင့်မိပါတယ်။

မွန်ပြည်နယ်အတွင်းရှိ MSMEs လုပ်ငန်းရှင်များ ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်ထုတ်လုပ်လာနိုင်စေရန် နိုင်ငံတော်၏မူဝါဒများနှင့်အညီ မွန်ပြည်နယ်အတွင်း MSMEs လုပ်ငန်းများအတွက် စိုက်ပျိုးရေးအခြေခံ အစားအစာထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာဖြန့်ဝေပေးရေးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်းကြောင့် စိုက်ပျိုးထွက်ကုန်သီးနှံများကို တန်ဖိုးမြှင့်ဈေးကွက်ဝင်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်းနည်းပညာများ တိုးတက်လာနိုင်ခြင်း၊ ဒေသတွင်းရှိသီးနှံများ တန်ဖိုးမြှင့်မားလာပြီး လေလွင့်မှုနည်းပါးလာခြင်း၊ သွင်းကုန်များအစားထိုးနိုင်ခြင်း၊ ဒေသတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်း၊ MSMEs လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်ကောင်းမွန်သောအကျိုးကျေးဇူးများရရှိပြီး နိုင်ငံတော်အကြီးအကဲမျှော်မှန်းသည့် စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်နှင့် MSMEs ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရုရှားနိုင်ငံက ဥဇဘက်ကစ္စတန်နှင့် ကာဇက်စတန်တို့နှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိ

မော်စကို အောက်တိုဘာ ၈

ရုရှားနိုင်ငံသည် ဥဇဘက်ကစ္စတန်နှင့် ကာဇက်စတန်တို့နှင့် ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ရုရှားနိုင်ငံက ဥဇဘက်ကစ္စတန်နိုင်ငံသို့ ပထမဆုံး ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းပေးဝေမှု အထိမ်းအမှတ်အခမ်းအနားတစ်ခု၌ သမ္မတ ပူတင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အခမ်းအနားသို့ ဥဇဘက်ကစ္စတန်နှင့် ကာဇက်စတန်နိုင်ငံ သမ္မတနှစ်ဦး တက်ရောက်ခဲ့သည်။

အဆိုပါဓာတ်ငွေ့ပိုက်လိုင်းကို ရုရှားနိုင်ငံမှ ကာဇက်စတန်နိုင်ငံသို့ ဖြတ်သန်းပြီး ဥဇဘက်ကစ္စတန်နိုင်ငံသို့ သွယ်တန်းထားသည်။

ဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးကြောင်းနှင့် သုံးနိုင်ငံ၏မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

ပူတင်သည် အောက်တိုဘာ ၇ ရက်တွင် အသက် (၇၁) နှစ်ရှိပြီဖြစ်သည်။ ဘီလာရုစ်နှင့် ကျူးဘားနိုင်ငံတို့ကဲ့သို့သော ချစ်ကြည်ရင်းနှီးသော နိုင်ငံများအပါအဝင် ဆိုဗီယက်နိုင်ငံဟောင်းများ၏ ခေါင်းဆောင်များထံမှ မွေးနေ့ဆုတောင်းစကားများ လက်ခံရရှိကြောင်း ရုရှားသမ္မတရုံးက ဆိုသည်။

ရုရှားသမ္မတ ပူတင်သည် အဇာဘိုင်ဂျန်နှင့် အာမေနီးယားခေါင်းဆောင်များနှင့် သီးခြားဖုန်းပြောဆိုခဲ့ပြီး အငြင်းပွားနေသော Nagorno-Karabakh ဒေသ၏ နောက်ဆုံးအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း ကရင်မလင်က ပြောကြားသည်။

ယခုလနှောင်းပိုင်းတွင် ပူတင်သည် ယခင် ဆိုဗီယက်သမ္မတနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် လွတ်လပ်သောနိုင်ငံများ၏ နေသဟာယ ထိပ်သီး အစည်းအဝေးကို တက်ရောက်ရန် စီစဉ်ထားသည်။

ရုရှားသမ္မတပူတင်သည် ၎င်းနိုင်ငံများ၏ စည်းလုံးညီညွတ်မှုကို အလေးပေးရန်ဆန္ဒရှိသည်မှာ ထင်ရှားကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်နှစ်ခု လှုပ်ခတ်၊ ၂၀၀၀ ကျော် သေဆုံး

ကဘူး အောက်တိုဘာ ၈

အာဖဂန် နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်နှစ်ခု ယနေ့ လှုပ်ခတ်ခဲ့ရာ ၂၀၀၀ ကျော် သေဆုံးပြီး ၅၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၈ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီ မတိုင်မီတွင် ပထမငလျင်လှုပ်ခတ်ခဲ့ပြီးနောက် မိနစ် ၃၀ ခန့် အကြာတွင် ဒုတိယ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒ စစ်တမ်းတစ်ရပ်အရ သိရသည်။

အဆိုပါငလျင်များလှုပ်ခတ်ပြီးနောက် ငလျင်ငယ်အများအပြား ဆက်လက်လှုပ်ခတ်ခဲ့သည်။

နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပြိုကျခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ၂၀၀၀ ကျော် သေဆုံးပြီး ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာလီဘန် အစ္စလာမ္မစ်အုပ်စု လက်အောက်ရှိ ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အဆောက်အအုံပြိုကျသည့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဇွန်လက အာဖဂန်နိုင်ငံအရှေ့ပိုင်း Khost ပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့သည်။**ကိုးကား -အင်န်အိတ်ချ်ကေ**
ဘာသာပြန် - အောင်ကျော်ကျော်

ဆိုမာလီယာနိုင်ငံ အနောက်တောင်ပိုင်း၌ ရုတ်တရက် ရေကြီးမှုကြောင့် လူပေါင်း တစ်သိန်းကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

မိုဂါဒစ်ရှူး အောက်တိုဘာ ၈

ဆိုမာလီယာနိုင်ငံ အနောက်တောင်ပိုင်း ဘိုင်ဒိုယာခရိုင်၌ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရုတ်တရက်ရေကြီးမှုကြောင့် လူပေါင်း ၁၀၇၀၀၀ သည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု အေဂျင်စီက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုသည် အောက်တိုဘာ ၄ ရက်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေကြီးမှုကြောင့် ဘိုင်ဒိုယာမြို့ရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၈၆၇၀၀ ကျော်အား လက်ခံထားသည့် ယာယီတဲများအပါအဝင် လူနေအိမ်အများအပြား ရေနစ်မြုပ်ခဲ့ကြောင်းကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးမှူးရုံးက ပြောကြားသည်။

ဆိုမာလီယာနိုင်ငံ၏ မိုးရာသီကာလသည် အောက်တိုဘာလမှ ဒီဇင်ဘာလအထိဖြစ်ပြီး ပုံမှန်မိုးရွာသွန်းမှုကို ကျော်လွန်ကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေကြီးမှုများ ထပ်မံကြုံတွေ့ရနိုင်ကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံ၌ ငါးနှစ်ကြာ မိုးခေါင်ရေရှားမှုဖြစ်ပေါ်ခဲ့ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မိုးခေါင်ရေရှားမှုကြောင့် ဆိုမာလီယာနိုင်ငံ၌ ၂၀၂၁ ခုနှစ်နောက်ပိုင်း လူဦးရေ ၁ ဒသမ ၄ သန်းကျော် ရွှေ့ပြောင်းအခြေချနေထိုင်ခဲ့ရကြောင်းနှင့် မွေးမြူရေး တိရစ္ဆာန်အကောင်ရေ ၃ ဒသမ ၈ သန်း သေဆုံးခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
ဘာသာပြန်-အလင်းသစ်

ဖိလစ်ပိုင်နိုင်ငံ၌ အလုပ်အကိုင်ရရှိမှုပမာဏ ဩဂုတ်လအတွင်း မြင့်တက်လာ

မနီလာ အောက်တိုဘာ ၈

ဖိလစ်ပိုင်နိုင်ငံ၌ အလုပ်အကိုင်ရရှိမှုပမာဏ ဩဂုတ်လအတွင်း မြင့်တက်လာကြောင်း သိရသည်။

အလုပ်လက်မဲ့နှုန်းသည် ဇူလိုင်လတွင် ၄ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ဩဂုတ်လတွင် ၄ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်အလုပ်လက်မဲ့ဦးရေသည် ဇူလိုင်လတွင် ၂ ဒသမ ၂၇ သန်းရှိရာမှ ဩဂုတ်လတွင် ၂ ဒသမ ၂၁ သန်းသို့ လျော့ကျသွားခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရက နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို ဆက်လက်ဖန်တီးပေးလျက်ရှိကြောင်း အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့မှ အတွင်းရေးမှူး အာဆီနီယိုဘာလီဆာကန်က ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ မားကို့စ် ဦးဆောင်သည့် အစိုးရအဖွဲ့သည် အလုပ်အကိုင် အရည်အသွေးကို ပိုမိုမြှင့်တင်ရန် အရည်အသွေးမြင့်ပြီး လစာမြင့်မားသော အလုပ်အကိုင်များရရှိရန်နှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသော စီးပွားရေးပုံစံတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသသို့ လျှပ်စစ်ဓာတ်အားပေးပို့မှု ဖြတ်တောက်

ဂျေရုဆလင် အောက်တိုဘာ ၈

အစ္စရေးနိုင်ငံသည် အစ္စရေးနှင့် အစ္စလာမ္မစ်တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့(ဟားမားစ်)တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ဂါဇာကမ်းမြောင်သို့ လျှပ်စစ်ဓာတ်အား ပေးပို့မှုကို ဖြတ်တောက်ခဲ့ကြောင်း အစ္စရေးစွမ်းအင်နှင့် အဆောက်အအုံဝန်ကြီး ကက်ဇ်က အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့သည်။

“ဂါဇာကမ်းမြောင်သို့ လျှပ်စစ်ဓာတ်အားဖြတ်တောက်ရေး လျှပ်စစ်ကုမ္ပဏီတွေကို ညွှန်ကြားသည့် အမိန့်စာကို ကျွန်တော်ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့တာဖြစ်ပြီး ဘယ်လောက်ကြာကြာဖြတ်တောက်မယ် ဆိုတာတော့ မပြောနိုင်သေးပါဘူး”ဟု တွစ်တာဟု ယခင်ကလူသိများခဲ့သော လူမှုမီဒီယာပလက်ဖောင်း “X”တွင် ၎င်းက ရေးသားဖော်ပြခဲ့သည်။

အစ္စရေးနိုင်ငံသည် အဆိုပါဂါဇာကမ်းမြောင်ဒေသအား လျှပ်စစ်ဓာတ်အားအဓိက ထောက်ပံ့နေသည့် နိုင်ငံဖြစ်သည်။ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဟားမားစ်တို့၏ ထိုးစစ်ဆင်မှုကြောင့် အစ္စရေးနိုင်ငံသား အနည်းဆုံး ၁၅၀ သေဆုံးခဲ့ပြီး လူပေါင်း ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့၏ ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်မှုများစွာပြုလုပ်ခဲ့ကြောင်း သိရသည်။ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် လူဦးရေ ၂၀၀ ခန့်သေဆုံးခဲ့ကြောင်းလည်း ပါလက်စတိုင်းကျန်းမာရေး တာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ASAHI, QUANTUM, VARTA Automotive Battery ၅၈၀ အပါအဝင် ကုန်ပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၇၄၇၃၀၀)ကိုလည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်ရေနွေးအိုး ၈၆၁ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ Prawn Hornet စားအုန်းဆီ ၄၆၆၂ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Yutong Express တစ်စီး၊ Toyota Dyna တစ်စီးနှင့် Toyota Hilux တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၅၈၅၃၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၇ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင်တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ အမှတ်(၁၁) ကောင်းမှုတံုရပ်ကွက်ရှိ ဂိုဒေါင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခုတင် အလုံး ၉၀၊ Yunan Madapad Pickled Chilli အခု ၇၀ အပါအဝင် ကုန်ပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၅၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Dongfeng Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၉၄၅၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အောက်တိုဘာ ၇ ရက်က ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမြို့ ကျားကလေး-ဇာသပြင်-မော်လမြိုင်ကားလမ်းမပေါ်တွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nestle Milo ဘူး ၃၈၄၀၊ Ruby Prown စားဆီလီတာ ၂၃၄၀၊ M-150 အချိုရည် ပုလင်း ၁၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ် သုံးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၂၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၇ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေးမြို့ ၆၇ လမ်း၊ ၁၄၅ လမ်း နှင့် ၁၄၆ လမ်းကြားရှိ ရန်လင်းအောင်ကားဂိတ်၊ ဂိုဒေါင်နှင့် ကားဂိတ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်တစ်စီးတို့အား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၃၇၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၂၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်ထားသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၇ ရက်က ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ် ဇင်ပိုင်ညာနှင့် ကျီးကန်းပြင်အကြား၊ လောင်းလှေ လေးစင်းပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကွမ်းသီးခြောက်အိတ် ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀)နှင့် သစ်သားလောင်းလှေ လေးစင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ(၂၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၇၂၃၃၃၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

တောင်ကြီးနှင့် ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၈

တောင်ကြီးနှင့် ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ အကွက်ကြီး(၆၄) နယ်မြေ(၁)လမ်းမပေါ်တွင် မနန်းအေးရွှေစင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ မောင်မောင်ဆွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၆၀ နှင့် ငွေကျပ် ၁ ဒသမ ၆ သိန်းကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မောင်မောင်ဆွေအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၀-၂၀၂၃ တနင်္လာနေ့

MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 19th Asian Games Daily Highlights(11)
၁၀:၃၅ Economic Review
၁၁:၃၀ ဘဝနှင့်အနုပညာ ‘အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သောပညာသည်’ ‘ဒါရိုက်တာအောင်မြင့်မြတ်’ (အပိုင်း-၄)
၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း ‘ချစ်ကြသည်ဆိုရာဝယ်’
၁၃:၃၀ MRTV National News
၁၄:၂၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း’ (အပိုင်း-၃၄)
၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
၁၆:၃၅ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ခေတ်ပေါ်ကာလပေါ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲ
၁၇:၃၅ သတင်းသမားပြောတဲ့သတင်းစကား
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ဘတ်စကတ်ဘောအတ်ဆေး’ (အပိုင်း-၁၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘လေနှင်ရာခရီး’ (အပိုင်း-၃၀)

mitv

07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
07:10 Bagan: The Land of Pagoda
07:36 The Pride Of Myanmar Traditional Handicraft
07:44 A Simple And Peaceful Life
08:01 News
08:27 National Attractions Malaysia (Welcome to Penang)
08:35 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
08:50 World Post Day
09:01 Mushroom Farming
09:25 Discovering Tribes: Akha- Their Life and Customs (Part-2)
10:01 News
10:31 Choral Dance (Three Duets)
10:39 The Banjoist

MRTV NRC

မွန် (၀၆:၀၀ မှ ၀၈:၀၀)
အပန်းဖြေကြမည်သဘာဝကျောက်ပန်းချီကမ်းခြေဆီ

ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)
ခေါင်လန်ပူးသို့အလည်တစ်ခေါက်(အပိုင်း-၃)

ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)
ထိန်းသိမ်းအစဉ်အလာတို့ဖလေ့ရှိရာ (ရှေးခေတ်ရှမ်း၊ ရှမ်းကြီး၊ တိုင်းနောင်၊ တိုင်းလိုင်း)

ဝ (၁၂:၀၀ မှ ၁၄:၀၀)
ဝရိုးရာရက်ကန်းနှင့်အထည်

ကချင် (၁၄:၀၀ မှ ၁၆:၀၀)
အဖိမြန်မာပြည်မြောက်ဖျားစွန်းဘက်က ရေခဲတောင်ရှိရာဆီ

ကယား (၁၆:၀၀ မှ ၁၈:၀၀)
ကေတုမတီတောင်ငူမြို့သို့အလည်တစ်ခေါက်(အပိုင်း-၁)

စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)
ကရင်ရိုးရာကြက်သားသုပ်

အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)
စာပေစကားပြောကြရအောင်(အပိုင်း-၆)

အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
တို့ရွာအကြောင်း

ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)
ချင်း(ချိုး)ဝတ်စားဆင်ယဉ်မှုများ(အပိုင်း-၂)

ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)
အစွမ်းထက်တဲ့ရေတ်ကောင်းအကြောင်း သိကောင်းစရာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်ရာဥပဒေမှာ’
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၅)
၁၈:၀၀ Economic Review (အပိုင်း-၂၃)

MRTV FARMERS' HTV

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးတိုးတက်ဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Growing 10,000 Pounds of OrganicTomatoes in a High Tunnel Greenhouse
၁၈:၃၀ First Ever Tour of My New Garden
၁၉:၀၀ Gardeners' World 2023 Eps-2
၂၂:၀၀ Touched Living: A Nostalgic Future

MRTV SPORTS HTV

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၆:၃၀ MNL 2022 Match(Replay)
၁၈:၀၀ အားကစားသတင်း
၁၈:၃၅ စိုးစိုးမြ(တိုက်ကွမ်ဒို)

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၄:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

မိုးညိုဒေသ ဖွံ့ဖြိုးစေခဲ့ပြီ

ရွှေယွန်း

လက်ပံတန်း - မိုးညို - နတ္တလင်း လမ်းပိုင်း၏ မိုးညိုမြို့နယ်အပိုင်းတွင် ရေဝတီမြစ်ရေတိုးဝင်ရာ ရေနက်ကွင်းများ၊ အင်းအိုင်များက လမ်း၏ တစ်ဖက်တစ်ချက်စီတွင် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည်။ ရေတိုးပြီးတင်ကျန်ရစ်သည့် နုန်းတင်မြေနုများ၊ ရွှံ့နွံအင်းအိုင်များက မိုးညိုဒေသ စိုက်ပျိုးရေးအတွက်၊ ငါးလုပ်ငန်းအတွက် များစွာအထောက်အကူပြုနေပြီး ဒေသမှ သီးနှံနှင့် ရေထွက်ကုန်များစွာ ထွက်ရှိသည်။ သို့သော် ဒေသထွက်သီးနှံနှင့် ရေထွက်ကုန်များစွာကို ဈေးကွက်အတွင်း နေ့ချင်းရောက် ရောင်းချနိုင်ရန် ခက်ခဲသည့် အခြေအနေရှိခဲ့သည်။

“ကျွန်တော်တို့ မိုးညိုဒေသက ရေဝိုင်းနေတဲ့ ကျွန်းစုလေးလိုပဲ။ ကျွန်တော်တို့ဒေသက ထူးခြားပါတယ်။ စိုက်ပျိုးလို့ရတယ်၊ ရေလုပ်ငန်းလုပ်လို့ရတယ်။ ဒေသတည်ရှိပုံအရ မိုးညိုအပိုင်းလမ်းကကျတော့ ရေလယ်ကောင်ကရေတားပေးတဲ့ တာပေါင်လမ်းကို ခေတ်အဆက်ဆက် သုံးခဲ့တယ်။ မိုးရွာတဲ့အခါ သွားရေးလာရေး ခက်ခဲသွားတယ်။ ဒါက အရင်ကအခြေအနေပါ။ အခုတော့ လက်ပံတန်း-မိုးညို-နတ္တလင်းလမ်းကို အဆင့်မြှင့်နေပါပြီ။ မပြီးသေးတဲ့အပိုင်းက နည်းနည်းပဲရှိပါတော့တယ်” ဟု ပတ္တော်ကျေးရွာမှ ဦးဝဏ္ဏလင်းက ပြောသည်။

လက်ပံတန်း - မိုးညို - နတ္တလင်းလမ်းမှ မိုးညို-နတ္တလင်းလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက်မှစတင်ကာ ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

“အိမ်နား၊ ရွာနား ဒီလိုလမ်းမကြီးရောက်လာတာ အံ့ဩလို့မဆုံးဘူး။ မြို့ကြီးတွေနဲ့နီးပေမယ့် ကိုယ့်ဒေသရေဝင်ချောင်းခြားဆိုတော့ ဒီလိုသွားရေးလာရေး လွယ်ကူလာမယ်လို့ မမျှော်လင့်မိဘူး။ အရင်က စိုက်လို့ပျိုးလို့ရတာကို ရေလမ်းကနေပဲ မြန်အောင်မြို့အထိ သွားရောင်းကြတာ။ တာလမ်းဆိုတော့ မိုးရွာရင် သွားမဖြစ်ဘူး။ ဆိုင်ကယ်၊ စက်ဘီးနဲ့သွားရတာ။ အခုကျတော့ လမ်းက အဆုံးထိမပြီးသေးပေမယ့် သွားလို့ရနေပြီလေ။ ရောင်းဖို့ဝယ်ဖို့အတွက်၊ ကျန်းမာရေး၊ ပညာရေးအတွက် အားလုံးအဆင်ပြေတယ်။ ကားကြီးကားငယ် အသွယ်သွယ် သွားကြလာကြနဲ့ ကျွန်မတို့ရွာတွေ စည်ကားလာပြီ။ အခုလမ်းခင်းနေတဲ့အပိုင်းက အဓိက ကျွန်မတို့ မိုးညိုဒေသကို ဖွံ့ဖြိုးစေခဲ့တာပါ”ဟု ဖိုးစတောကျေးရွာမှ ဒေါ်ညိုညိုဝင်းက ပြောသည်။

လမ်းအဆင့်မြှင့်တင်မှုများ

၆၈ မိုင် ၇ ဖာလုံ ရှည်လျားသည့် လက်ပံတန်း - မိုးညို - နတ္တလင်းလမ်းမှ မိုးညိုမြို့နှင့် နတ္တလင်းမြို့ကြားရှိ လမ်းပိုင်း ၁၂ မိုင် ၅ ဖာလုံကို လမ်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကုန်တွင် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ်

ရာခိုင်နှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

“အခု လက်ပံတန်း-မိုးညို-နတ္တလင်းလမ်းဆိုတာက ရန်ကုန်-ပြည်လမ်းမကြီးကနေ လက်ပံတန်း ဆင်လမ်းတာဆုံကနေခွဲပြီးတော့ နတ္တလင်းကို သွားတဲ့လမ်းဖြစ်ပါတယ်။ သာယာဝတီခရိုင်နဲ့ နတ္တလင်းခရိုင်ကို ဆက်သွယ်ပေးတဲ့ လမ်းမဖြစ်ပါတယ်။ ဒီလမ်းက မြေသားလမ်းတာပေါင်လည်းဖြစ်တယ်။ ကျောက်လမ်းပိုင်းလည်းပါတယ်။ ဒီထဲကမှ မိုးညိုကနေ နတ္တလင်းကြားထဲမှာရှိတဲ့ ၁၂ မိုင် ၅ ဖာလုံကို ဘဏ္ဍာနှစ်အလိုက် လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်မယ်ဆိုပြီး စီမံချက်တွေရေးဆွဲတယ်။ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်ကနေစပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်”ဟု လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ကိုဦးက ပြောသည်။

ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၄) နှင့် လမ်းအထူးအဖွဲ့ (၁၅) တို့က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လမ်းအထူးအဖွဲ့ (၁၄) သည် မိုင်တိုင် ၄၁/၀ မှ မိုင် ၄၃/၄ အထိနှင့် မိုင်တိုင် ၅၀/၀ မှ ၅၃/၅ အထိလည်းကောင်း၊ လမ်းအထူးအဖွဲ့ (၁၅) သည် မိုင်တိုင် ၄၃/၄ မှ မိုင်တိုင် ၅၀/၀ အထိလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

“လမ်းပိုင်းက မိုင်တိုင်အားဖြင့်ကြည့်ရင်တော့ အရှည်ကြီးမဟုတ်ဘူး။ တာပေါင်လမ်းဖြစ်တဲ့အတွက် ဒေသခံတွေအတွက် ပိုပြီးအဆင်ပြေဖို့ လိုအပ်တယ်။ လိုအပ်လို့ ဆောင်ရွက်ပေးတဲ့အခါမှာလည်း ရေဝင်တဲ့ဒေသဖြစ်တယ်။ ရေဝင်တဲ့အခါ လမ်းကို မထိခိုက်ဖို့ တည်ဆောက်ရေးပိုင်းဆိုင်ရာမှာ နည်းပညာပံ့ပိုးရတာရှိပါတယ်။ နည်းပညာပိုင်းနဲ့ စက်ယာဉ်ယန္တရားသုံးပြီး စနစ်တကျလုပ်ရင် တာပေါင်ပေါ်မှာ ရေရှည်မှာ သုံးနိုင်မယ်။ ဒီအတွက် လုပ်ငန်းပိုင်းမြန်အောင်၊ နည်းပညာနဲ့ စက်ယန္တရားသုံးနိုင်အောင် ကျွန်တော်တို့ လမ်းအထူးအဖွဲ့တွေက တာဝန်ယူဆောင်ရွက်တာဖြစ်ပါတယ်” ဟု လမ်းအထူးအဖွဲ့ (၁၄) မှ ဦးစီးအရာရှိ(မြို့ပြ) ဦးအေးလွင်က ပြောသည်။

လမ်းပန်းဆက်သွယ်ရေးသည်အဓိကကျ

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား၊ သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုကို လျှော့ချရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် လမ်းဦးစီးဌာနအနေဖြင့် လမ်းကွန်ရက်များ ကောင်းမွန်ရေးကို ဒေသအလိုက် အားစိုက်ဖော်ဆောင်ပေးလျက်ရှိသည်။

“ကျွန်တော်တို့ရွာက လမ်းကိုကြည့်ပြီး ဝမ်းသာနေကြတာ။ ဒီလိုပြောတော့ အဲဒီလောက်တောင်လား ထင်ကြမယ်။ သူတို့ လမ်းခင်းတဲ့အလုပ်လုပ်တာကို ကျွန်တော်တို့က လေ့လာကြည့်ပြီးမှ ဒီလိုပြောတာပါ။ လမ်းက တာပေါင်လမ်းဆိုတော့ မာနေအောင်၊ ပြီးတော့ ရေမဝင်အောင် ရေထုတ်တာတွေ၊ ရေထုတ်တော့လည်း ရေအရှိန်နှေးသွားအောင် အဆင့်ဆင့် ရေထုတ်တာတွေ ဒါတွေက ပညာရပါတယ်။ စနစ်တကျနဲ့ သေချာလေး ဆောင်ရွက်ပေးတော့ ကျွန်တော်တို့ ဒေသခံတွေ ကြာကြာသုံးလို့ရတာပေါ့” ဟု မိုးညိုမြို့နယ် ဖလံချောင်းကျေးရွာမှ ဦးမြင့်အောင်က ဆိုသည်။

အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်တော့မည်

လမ်းဦးစီးဌာနအနေဖြင့် ဒေသတွင်း လမ်းများကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့များမှ ဆောင်ရွက်နေသည့် လက်ပံတန်း-မိုးညို-နတ္တလင်းလမ်း ပြီးစီးသွားပါက လမ်းပိုင်းပေါ်ရှိ ကျေးရွာပေါင်း ၈၀ ကျော်မှ ပြည်သူများအနေဖြင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

“တာပွန်ချောင်းပေါက်အထိ ရောက်အောင် မနည်းသွားနေတဲ့ကာလတွေကျော်ခဲ့ပါပြီ။ ကိုယ့်ဒေသ စိုက်ပျိုးရေးထွက်ကုန်တွေလည်း တိုက်ရိုက်ပို့နိုင်တော့ သယ်ယူစရိတ်က တော်တော်လျော့သွားတယ်။ ရွာထဲ မီနီဘတ်ကားတွေ ဝင်ကြထွက်ကြတာ မြင်တိုင်း၊ ကလေးတွေ တက္ကသိုလ်ကို ဆိုင်ကယ်နဲ့ နေ့ချင်းပြန်တက်ကြတာ မြင်တိုင်း ထူးခြားလိုက်တာလို့ ခံစားမိပါတယ်။ မြို့ပေါ်မြို့ရပ်နဲ့မခြားတော့ဘူး။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအားလုံး တိုးတက်စေခဲ့ပါပြီ။ လမ်းတံတားတွေ အသုံးပြုနိုင်အောင် အကောင်အထည်ဖော်ဆောက်လုပ်ပေးတဲ့ လမ်းဦးစီးဌာနက တာဝန်ရှိသူတွေနဲ့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့တကွ အစိုးရအဖွဲ့တွေအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု မိုးညိုမြို့နယ် ရေအိုးစင်ကုန်းကျေးရွာမှ ဦးစန်းဝင်းက ပြောသည်။

“ကျွန်တော်တို့အဖွဲ့အနေနဲ့က အခု ဘဏ္ဍာနှစ်ကုန်မှာ တာဝန်ပေးထားတဲ့ လမ်းမိုင် ၄၈/၀-၅၀/၀ ကိုပြီးစီးအောင် စနစ်တကျ ဆောင်ရွက်နေပါတယ်။ ကျန်နေတာကလည်း မြစ်သာဘောလီတံတားပါ။ လက်ရှိတံတားကိုက လမ်းတည်ဆောက်ရေးလုပ်ငန်းအတွက် သုံးနေတာမို့ လမ်းပိုင်းပြီးတာနဲ့ တံတားကို အမြန်ဆုံးဆောင်ရွက်သွားမှာပါ။ အခု လုပ်ငန်းဆောင်ရွက်တဲ့ အခါမှာလည်း ဒေသခံပြည်သူတွေ သွားလာတဲ့အခါ ယာဉ်အန္တရာယ်တွေ မဖြစ်ပေါ်အောင်၊ သွားလာမှုချောမွေ့အောင်၊ ခရီးသွားပြည်သူတွေ အနှောင့်အယှက်မဖြစ်အောင် လုံလောက်တဲ့ လမ်းညွှန်အမှတ်အသားတွေ၊ သတိပေးဆိုင်းဘုတ်တွေကို ဆောင်ရွက်ထားပါတယ်” ဟု လမ်းအထူးအဖွဲ့ (၁၅)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ကျော်က ပြောသည်။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ ကောင်းမွန်ခြင်းသည် ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်နေသည်။ သို့ဖြစ်ရာ လမ်းဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် လက်ပံတန်း-မိုးညို-နတ္တလင်းလမ်းသည်လည်း ရာခိုင်နှုန်းပြည့် ပြီးစီးအသုံးပြုနိုင်သည့်အခါ ဒေသစီးပွား၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့် လမ်းပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

“လမ်းဦးစီးဌာနအနေဖြင့် ဒေသတွင်းလမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် AC လမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်း စသည့်လမ်းအမျိုးအစားများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့များမှ ဆောင်ရွက်နေသည့် လက်ပံတန်း-မိုးညို-နတ္တလင်းလမ်း ပြီးစီးသွားပါက လမ်းပိုင်းပေါ်ရှိ ကျေးရွာပေါင်း ၈၀ ကျော်မှ ပြည်သူများအနေဖြင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်တော့မည်”

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းအောင်ကျော် ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၄ ခုနှစ် မတ်လ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် "မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ"ဖြစ်ပါသည်။ ဤပို့ချချက်သည် မြန်မာစာပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင်လည်းကောင်း၊ စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အဆင်ပြေချောမွေ့စေရန် လည်းကောင်း၊ စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန် လည်းကောင်း ရည်ရွယ်ပါသည်။ ယခု ၂၀၂၄ ခုနှစ် မတ်လတွင် ဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲသည် သင်ရိုးသစ်အတိုင်း ဖြေဆိုရမည့် စာမေးပွဲဖြစ်ပါသည်။ သင်ရိုးသစ်သည် မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာတတ်မြောက်အသုံးပြုနိုင်ရန် ဦးတည်ချက်ထားပြီး ပြင်ဆင်ရေးဆွဲထားသည့် ခေတ်မီသင်ရိုးဖြစ်ပါသည်။ လက်တွေ့ဘဝ၌ ပိုမိုအကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားစွမ်းရည်လေးရပ်ဖြစ်သည့် အပြောစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည် တိုးတက်လာစေရေးကို မဏ္ဍိုင်ပြု၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ မေးခွန်းပုံစံကိုလည်း ထိုဦးတည်ချက်များနှင့် ကိုက်ညီအောင် လိုက်ပါပြောင်းလဲထားပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံသစ်အကြောင်းကို ရှင်းပြမည်ဖြစ်ပြီး ထိုမေးခွန်းပုံစံသစ်နှင့်အညီ အံဝင်ခွင်ကျ ဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည် ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်သည် ဘာသာစကားနှင့် စာပေအရေးအသားကို အထူးပြုသင်ကြားလေ့ကျင့်ပေးသော ဘာသာရပ်ဖြစ်သည့်အလျောက် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့်အလေ့အထ၊ စာရေးသားသည့် အလေ့အကျင့်များစွာ လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် ကျောင်းသားကျောင်းသူများသည် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် အလွတ်ကျက်မှတ်ဖြေဆိုမှုကို လွန်ကဲစွာ အားပြုနေကြသည့်အတွက် အလွတ်ကျက်မှတ်မှုကို လျှော့ချပြီး ကိုယ်ပိုင်တွေးခေါ်စဉ်းစားဖန်တီးရေးသားနိုင်မှုတို့ကို ဦးစားပေးဖြေဆိုနိုင်စေရန်အတွက် မေးခွန်းပုံစံကို ပြောင်းလဲထားပါသည်။ ထို့အတွက်ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မေးခွန်းပုံစံသစ်၏ ဦးတည်ချက်အတိုင်း အံဝင်ခွင်ကျဖြစ်အောင် လေ့လာဖြေဆိုကြရန် အထူးလိုအပ်လှပါသည်။

ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု

ဒွါဒသမတန်း(တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် လေ့လာသင်ယူရန် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း(၃)ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းသည် ၃ နာရီ ဖြေဆိုခွင့်ပြုသော မေးခွန်းဖြစ်ပါသည်။ မေးခွန်းတွင် မေးခွန်းကြီး (၇)ပုဒ် ပါဝင်ပါသည်။ ကျောင်းသားကျောင်းသူများ၏ နားလည်သဘောပေါက်မှု ရှိ/မရှိကို စစ်ဆေးမေးမြန်းသည့် ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်မှ မေးခွန်းတိုများ ပါဝင်သည့်မေးခွန်းကြီး (၁)ပုဒ်၊ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်မှ ကဗျာမေးခွန်းရှည်ပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ်၊ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်မှ စကားပြေမေးခွန်းရှည်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်မှ ရေသည်ပြဇာတ်မေးခွန်းရှည်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စာစီစာကုံးမေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ် စုစုပေါင်း မေးခွန်းကြီး (၇)ပုဒ် ပါဝင်သည်။ အချို့မေးခွန်းများတွင် ရွေးချယ်စရာမေးခွန်းများလည်း ပါဝင်ပါသည်။

မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်

မေးခွန်းနံပါတ် ၁

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါသည်။ ထိုဓမ္မဓိဋ္ဌာန်မေးခွန်းပုံစံသည် သင်ရိုးသစ်၊ မေးခွန်းပုံစံသစ်၏ ထူးခြားချက်ဟု ဆိုနိုင်ပါသည်။ ကျောင်းသားကျောင်းသူများ သင်ခန်းစာများကို အမှန်တကယ်သဘောပေါက်၊ မပေါက် ဆန်းစစ်ကြည့်နိုင်ပါသည်။ ကျောင်းသားကျောင်းသူများ ပြဋ္ဌာန်းစာများကို ကျေညက်၊ မကျေညက်ကိုလည်း ဆန်းစစ်ကြည့်နိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကိုလည်း ဖန်တီးမေးမြန်းနိုင်ပါသည်။ ထို့အတွက်ကြောင့် အမှန်တကယ်သဘောပေါက်နားလည်ထားသည်ဆိုပါက အမှတ်ပြည့်ရအောင် ဖြေဆိုနိုင်ကြမည့် မေးခွန်းပုံစံပင် ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် အဓိကအားဖြင့် အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်း သုံးပိုင်းမှာ ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ)တို့ ဖြစ်ကြသည်။ ယင်းအပိုင်း သုံးပိုင်းစလုံးတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများ ပါဝင်မည်ဖြစ်ပါသည်။

ဓမ္မဓိဋ္ဌာန်မေးခွန်းပထမပိုင်းဖြစ်သည့် မေးခွန်း ၁(က)တွင် မှား/မှန်ရောထွေး အမှန်ရွေးသည့် မေးခွန်းကိုမေးပါမည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါ ပါဝင်ပါသည်။ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်ပါ အပိုင်းသုံးပိုင်းစလုံးမှ မေးခွန်းများပါဝင်ပါမည်။ ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၁။ (က) အောက်ပါတို့ကို မှားလျှင် (မှား)၊ မှန်လျှင် (မှန်)ဟု ဖြေဆိုပါ။ (၁၀ မှတ်)

(၁) အနေးနှုန်းဆိုသည်မှာ တစ်မိနစ်အတွင်း ပြောဆိုသော စကားလုံးအရေအတွက် (၁၁၀)အောက် နိမ့်ကျသော စကားပြောနှုန်း ဖြစ်ပါသည်။

ဓမ္မဓိဋ္ဌာန်မေးခွန်း ဒုတိယပိုင်းဖြစ်သည့် မေးခွန်းနံပါတ် ၁(ခ)သည် ကွက်လပ်ဖြည့်သည့် မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင်လည်း ပြဋ္ဌာန်းစာအုပ်မှ အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါ ပါဝင်ပါသည်။ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်ပါ အပိုင်းသုံးပိုင်းစလုံးမှ မေးခွန်းများ ပါဝင်ပါမည်။ ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

(၁) ဦးဖေမောင်တင် စကားပြေကို ----------- ရေးခဲ့သည်။

ဓမ္မဓိဋ္ဌာန်မေးခွန်း တတိယပိုင်းဖြစ်သည့် မေးခွန်းနံပါတ် ၁(ဂ)သည် ပေးထားသည့် ရွေးချယ်စရာအများထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့်မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင်လည်း ပြဋ္ဌာန်းစာအုပ်ပါ အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါ ပါဝင်ပါသည်။ ဒွါဒသမတန်းပြဋ္ဌာန်းစာအုပ်ပါ အပိုင်းသုံးပိုင်းစလုံးမှ မေးခွန်းများပါဝင်ပါမည်။ ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။ (၁၀ မှတ်)

(၁) စာဆိုဦးပုည၏ ငယ်မည်မှာ ----------- ဖြစ်သည်။

(က) မောင်ပေါက်စီ (ခ) မောင်ဗုတ်စည် (ဂ) မောင်ပုတ်စည်

ဤဓမ္မဓိဋ္ဌာန်မေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်၏ အပိုင်းသုံးပိုင်းစလုံးကို ကျေညက်အောင် လေ့လာထားရန် လိုအပ်ပါသည်။ အပိုင်းတစ်ပိုင်းပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုသင့်ပေ။ မေးခွန်းပုံစံသစ်အဖြစ် ပြောင်းလဲထားသည်ဖြစ်ရာ သမားရိုးကျအတိုင်း၊ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့်အတိုင်း ပုံသေမေးမည်ဟု ယူဆထား၍ မရနိုင်ပါ။ ဉာဏ်စမ်းမေးခွန်းများလည်း ဖြစ်နိုင်ပါသည်။ ဤမေးခွန်းသည် သက်ဆိုင်ရာသင်ခန်းစာများနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သိရှိသဘောပေါက်ရန် ရည်ရွယ်ခြင်းဖြစ်သဖြင့် သေသေချာချာ သဘောပေါက်နားလည်ထားရန်၊ စေ့စေ့စပ်စပ် လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျ ဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂

မေးခွန်းနံပါတ်(၂)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၃)ပိုင်းမှ အချက်အလက်များကို မေးမည့်မေးခွန်းတို မေးခွန်းများဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ လေးပုဒ် ပါဝင်ပါသည်။ ယင်းပုဒ်ခွဲ လေးပုဒ် အနက် ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည် ပြဇာတ်-စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာမေးခွန်းတို့ ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေနှင့် ရေသည်ပြဇာတ်စာအုပ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုခိုင်းခြင်းဖြစ်ပါသည်။ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ရှေးသုံး၊ ခေတ်သုံး မခွဲခြားဘဲ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရအားလုံးကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေမည်ဖြစ်ပါသည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

(က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

ခမည်း၊ တံခွန်၊ ကျူးပိုက်ဖြား၊ ရွှေရည်သောက်၊ ချက်ကောင်း၊ တယ်ကရု၊ အလျှင်း။

ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ ဖွင့်ဆိုချက်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါသည်။ မိမိသဘောဖြင့် ဖွင့်ဆို၍မရပေ။ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ မြန်မာဝေါဟာရ၏ အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုးကွဲပြားသွားတတ်ပါသည်။ ပုံစံအားဖြင့် နမူနာပါ "ရွှေရည်သောက်" ဟူသောဝေါဟာရကို အများသိရှိထားသည့်အတိုင်း "ရွှေအရည်ကို သောက်သည်။"ဟု ဖြေဆို၍မရပေ။ လက်ဖက်ရည်ကြမ်းဝိုင်း ကဗျာသင်ခန်းစာတွင် ဖွင့်ဆိုသည့်အတိုင်း "ရွှေရောင်လိမ်းကျံ"ဟု ဖြေဆိုမှသာ မှန်ကန်မည်ဖြစ်သည်။ မေးခွန်းသဘောအရ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းသည် ပြဋ္ဌာန်းစာတွင် ဤဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် စစ်ဆေးခြင်းဖြစ်ပါသည်။ ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန်လည်း လိုအပ်ပါသည်။ ပုံစံအားဖြင့် နမူနာပါ "ချက်ကောင်း"သည် ရေသည်ပြဇာတ်မှ ဝေါဟာရဖြစ်သည်။ ယင်းကို ဖြေဆိုရာတွင် ရေသည်ပြဇာတ်တွင် သုံးနှုန်းဖွင့်ဆိုထားသည့်အတိုင်း နာမ်အဓိပ္ပာယ်ဖြင့်သာ ဖွင့်ဆိုရပါမည်။ "ချက်ကောင်း"ကို ပြဋ္ဌာန်းစာအုပ်တွင် "အခွင့်ကောင်း။ အခါကောင်း။ အလုပ်အကြံ အောင်နိုင်ဖွယ်အကြောင်း ထိရောက်သည့်အချက်"ဟု နာမ်အဖြစ် ဖွင့်ဆိုထားပါသည်။ ယင်းကို "ထမင်းဟင်း အချက်ကောင်းသည်။"ဟု ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါက မှားယွင်းမည်မှာ မုချပင် ဖြစ်ပါသည်။

ပြဋ္ဌာန်းစာအုပ်များတွင် ခက်ဆစ်ဖွင့်ဆိုချက်များ၌ တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။ များသောအားဖြင့်ဟု ဆိုရခြင်းမှာ တစ်ခါတစ်ရံတွင် ပုဒ်မချထားသော်လည်း အဓိပ္ပာယ်မပြည့်စုံသေးသဖြင့် ဆက်လက်ဖွင့်ဆိုရသော အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးလည်း ရှိတတ်သောကြောင့် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် အလင်္ကာမေးခွန်း ဖြစ်ပါသည်။ ပေးထားသော စကားအသုံးအနှုန်းကို မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြရသည့် မေးခွန်းဖြစ်ပါသည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို ပုံသေသတ်မှတ်ဖြေဆိုခြင်းထက် ကျောင်းသားကျောင်းသူတို့ အမှန်တကယ်နားလည်ပြီး ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင်သာ ဦးစားပေးအကဲဖြတ်အမှတ်ပေးသွားမည် ဖြစ်ပါသည်။ အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏သဘောသဘာဝကို နားလည်သဘောပေါက်ကာ ဖြေဆိုနိုင်မှုကို ဦးတည်ထားခြင်းဖြစ်သဖြင့် အလင်္ကာဖြေဆိုရာ၌ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် မည်သည့်အတင်အပြပုံစံဖြင့် ဖြေဆိုသည်ဖြစ်စေ အမှတ်ပြည့်ရရှိနိုင်မည် ဖြစ်ပါသည်။ ပေးထားမည့် အလင်္ကာအသုံး အရေအတွက်မှာ (၇)ခု ဖြစ်ပြီး (၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၂။ (ခ) အောက်ပါတို့အနက် ငါးခု ကို ရွေးချယ်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်းရှင်းပြပါ။

ပါရဂူမြောက်၊ ဇာတာထွန်းပေါ်၊ အချစ်မီး၊ တောင်နှယ်ပုံ၊ ကြာညွတ်ဖယောင်းနေရှိန်ပြောင်းသို့၊ ဖောင်ဖောင်၊ ပြာတောင်ကြီးပေါက်။

အဖြေ။ ။ ဇာတာထွန်းပေါ် = "ကံကောင်းသည်" ဟု တိုက်ရိုက်မရေးဘဲ "ဇာတာထွန်းပေါ်"ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာ မြောက်ပါသည်။

မေးခွန်းနံပါတ် ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်းဖြစ်ပါသည်။ ယခင်မေးခွန်းဟောင်းအတိုင်းပင် မေးမြန်းခြင်းဖြစ်ပါသည်။ ဖြေဆိုရာတွင် မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅)ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောသည်ဟူသောအချက်များ)အတွက်

စာမျက်နှာ ၁၇ သို့ ❖

❖ စာမျက်နှာ ၁၆ မှ

(၃)မှတ်၊ ဘာကိုပြောသည်ဆိုသော ဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက် (၂)မှတ် အမှတ်ခွဲဝေလျာထားပါသည်။ စကားစပ်ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုနိုင်ရန် အထူးသတိပြုသင့်ပါသည်။ ပါဝင်သည့်အခန်းကို ဖော်ပြရာတွင် အခန်းနံပါတ်သက်သက်ကို ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြသင့်ပါသည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၂။ (ဂ) စကားစပ်နှင့်တကွ ရှင်းပြပါ။

"တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြံမိငြားလျှင်၊ မှားလို့သာ မှောက်ကရော့မယ်၊ စိတ်နောက်ကိုယ်ပါ မပြုသာ၊ တိုင်းထွာဦးမှ ကောင်းမလေ။"

မေးခွန်းနံပါတ် ၂(ဃ)သည် အပြောသင်ခန်းစာ–မေးခွန်းတို ဖြစ်ပါသည်။ အပိုင်း–၁ အပြော သင်ခန်းစာတွင်ပါဝင်သော အခန်း (၃)ခန်း (အကြောင်းအရာ ၇ ခု)ထဲမှ အကြောင်းအချက်တစ်ခုခုကို မေးပါမည်။ မေးထားသည့် အကြောင်းအချက်ကို ပြည့်ပြည့်စုံစုံ လိုရင်းတိုရှင်း ရှင်းပြဖြေဆိုပေးရန် လိုအပ်ပါသည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်သည့် မေးခွန်းဖြစ်ပါသည်။

နမူနာ

၂။ (ဃ) ယဉ်ကျေးချေငံမှုဆိုင်ရာ လမ်းညွှန်တစ်ခုအကြောင်း ရှင်းပြပါ။

မေးခွန်းနံပါတ် ၃

မေးခွန်းနံပါတ်(၃)သည် ကဗျာမေးခွန်းရှည် ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း–၂ အဖတ်အရွတ်သင်ခန်းစာ အခန်း –၂ တွင် ကဗျာ ၈ ပုဒ် ပါရှိရာ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းမည် ဖြစ်ပါသည်။

ဤမေးခွန်းသည် မေးခွန်းပုံစံအနေဖြင့် ပြောင်းလဲမှုမရှိသော်လည်း စစ်ဆေးအကဲဖြတ်ရာတွင်မူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏ တစ်ဝက်၊ မိမိကိုယ်ပိုင် အရေးအသားအတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏တစ်ဝက် သတ်မှတ်ကာ စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်း၏ ရှုထောင့်အတိုင်း အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မိမိကျက်မှတ်ထားသည့်ကဗျာခေါင်းစဉ်ပါသည်နှင့် ကဗျာစာသားတစ်ပုဒ်လုံးချရေးကာ စကားပြေပြန်ဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံး ပါဝင်စေကာမူ မေးခွန်းနှင့် အံမဝင်လျှင် ပေးမှတ်တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ကဗျာကောက်နုတ်ချက်စာသားများကိုလည်း မေးခွန်းနှင့်အံဝင်ခွင်ကျဖြစ်ရုံသာ ထည့်သွင်းဖြေဆိုရမည် ဖြစ်သည်။ အထူးမှာကြားလိုသည်မှာ မေးခွန်းက တောင်းဆိုသည့် ရှုထောင့်နှင့် အာဘော်ကို သေချာစွာဖတ်ရှုပြီးမှ ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် အံဝင်ခွင်ကျဖြေဆိုရန် ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

နမူနာ

၃။ ပေါ်နွေလလျှင်ကဗျာမှ ကဗျာဆရာ၏ အလွမ်းသရုပ်ဖော် အရေးအဖွဲ့ကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

မေးခွန်းနံပါတ် ၄

မေးခွန်းနံပါတ်(၄)သည် စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း–၂ အဖတ်အရွတ်သင်ခန်းစာ အခန်း –၁ တွင် စကားပြေ ၈ ပုဒ် ပါရှိရာ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းမည်ဖြစ်ပါသည်။

စကားပြေ မေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင် အရေးအသားအတင်အပြ စွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက်ပေးကာ စစ်ဆေးအကဲဖြတ်သည့်မေးခွန်းဖြစ်ပါသည်။ စကားပြေမေးခွန်းရှည် ဖြေဆိုရာတွင် မေးခွန်း၏ရှုထောင့်ကို သေချာစွာဖတ်ရှုပြီး မေးထားသည့် ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မေးခွန်းရှုထောင့်ကို သတိမမူမိဘဲ မိမိအလွတ်ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်း အမြောက်အမြား ရေးသားနေပါက ပေးမှတ်၏ တစ်ဝက်အောက်သာ ရရှိနိုင်မည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

နမူနာ

၄။ မလုပ်မစား စကားပြေမှ အလုပ်လုပ်ခြင်း၏ အကျိုးကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

မေးခွန်းနံပါတ် ၅

မေးခွန်းနံပါတ်(၅)သည် ရေသည်ပြဇာတ် မေးခွန်းရှည်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း–၂ အဖတ်အရွတ်သင်ခန်းစာ အခန်း –၃ တွင် ရေသည်ပြဇာတ်ပါရှိရာ ယင်းပြဇာတ်ထဲမှ အကြောင်းအရာ သို့မဟုတ်–အရေးအသားတစ်ပုဒ်ကို ရွေးချယ်မေးမြန်းမည်ဖြစ်ပါသည်။

အကြောင်းအရာပိုင်းကိုဖြစ်စေ၊ အရေးအသားပိုင်းကိုဖြစ်စေ မေးမြန်းမည်ဖြစ်ပါသည်။ ပြဇာတ်လာ အကြောင်းအရာပိုင်းကို မေးရာတွင် သာမန်အကြောင်းအရာပိုင်းကို မေးနိုင်သလို သာမန်အကြောင်းအရာသက်သက်မဟုတ်ဘဲ ပြဇာတ်သဘောတရားနှင့်ဆက်စပ်ကာ မေးသည့် အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်လေ့လာရာတွင် ပြဇာတ်ပါအကြောင်းအရာပိုင်းကို သာမက ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏ အရေးအသား အတင်အပြနှင့် ပြဇာတ်ဖန်တီးမှုအတတ်ပညာတို့ကိုလည်း သိရှိနားလည်လေ့လာဆည်းပူးထားသင့်သည်ဖြစ်ရာ အကြောင်းအရာပိုင်းမှဖြစ်စေ အရေးအသားပိုင်းမှဖြစ်စေ မေးခွန်းရှည်တစ်ပုဒ်ကို မေးမြန်းမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

နမူနာ

၅။ ရေသည်ပြဇာတ်မှ ဥဒယမင်းကြီး၏ စိတ်နေစိတ်ထားကို သုံးသပ်တင်ပြပါ။ (၁၀ မှတ်)

မေးခွန်းနံပါတ် ၆

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်း ဖြစ်ပါသည်။ စာစီစာကုံးမေးခွန်းတွင် (၂)ပုဒ် ပေးထားပြီး (၁)ပုဒ် ဖြေဆိုရမည် ဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅)ချက် ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုသင့်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် အချက်တစ်ချက်(၂)မှတ်နှုန်းဖြင့် အကဲဖြတ်ရန် လျာထားပါသည်။ စာစီစာကုံးဖြေရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရန်ဖြစ်ပါသည်။ ပေးထားသည့် ပုံကြမ်းအချက်အလက်အစီအစဉ်အတိုင်း မိမိကိုယ်ပိုင်အရေးအသားဖြင့် ဖြေဆိုရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကို အခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်ရရှိနိုင်မည် မဟုတ်သည်ကို အထူးသတိပြုသင့်ပါသည်။ ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် စာစီစာကုံးကို အလွတ်ကျက်မှတ်နေပါက အချိန်များစွာ ကုန်မည့်အပြင် ရမှတ်လည်း ဆုံးရှုံးသွားနိုင်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

နမူနာ

၆။ နှစ်သက်ရာ **တစ်ခု**ကို စာစီကုံးပါ။ (၁၀ မှတ်)

(၁) လှပသာယာပြည်မြန်မာ

– တောတောင်ရေမြေ သဘာဝအလှများဖြင့် ပြည့်ဝနေပုံ၊ သယံဇာတပစ္စည်းများ ပေါကြွယ်ဝပုံ၊ တိုင်းရင်းသားလူမျိုးများ အတူတကွ နေထိုင်ကြပုံ၊ ရိုးရာဓလေ့အလိုက် ပွဲတော်များ ကျင်းပကြပုံ၊ အထင်ကရနေရာများဖြင့် စည်ကားသာယာလှပုံ။

(၁) မိုးသည်းသောနေ့တစ်နေ့

– မိုးမရွာမီ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ မိုးသည်းထန်စွာရွာလာပုံ၊ သက်ရှိတို့၏ လှုပ်ရှားမှုများ၊ သက်မဲ့မြင်ကွင်းများ၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်ပတ်သက်သော မိမိခံစားချက်အတွေးအမြင်။

မေးခွန်းနံပါတ် ၇

မေးခွန်းနံပါတ် ၇ သည် အဆိုဆွေးနွေးချက် မေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော ပင်ကိုအရည်အသွေး ဖော်ထုတ်ပြသရမည့် မေးခွန်းဖြစ်ပါသည်။ အဆိုကို ဆွေးနွေးချက်မေးခွန်းကို ဖြေဆိုရာတွင် စာဟန် အရေးအသားဖြင့်သာ ရေးသားရမည်ကို အထူးသတိပြုရပါမည်။ ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက်၊ အရေးအသား အတင်အပြကောင်းလျှင်ကောင်းသလောက် အမှတ်ရရှိနိုင်မည့် မေးခွန်းဖြစ်ပါသည်။ ပေးထားသော အဆိုမှာလည်း ကျောင်းသား ကျောင်းသူအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။

နမူနာ

၇။ အောက်ပါအဆိုများအနက် __**တစ်ခု**__ကို ထောက်ခံ၍ ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည်။

(၂) ချမ်းသာခြင်းထက် ကျန်းမာခြင်းက ပို၍ အရေးကြီးသည်။

အဆိုဆွေးနွေးချက်မေးခွန်းကို ဖြေဆိုရန်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို အလေးထား သတိပြုရမည်ဖြစ်သည်။ အဆိုဆွေးနွေးချက်မေးခွန်းအတွက် ရေးသားချိန်သည် မိနစ်(၂၀)၊ (၂၅)မိနစ်ခန့်သာ ရရှိနိုင်မည်ဖြစ်ရာ ဖြေဆိုရမည့်ပမာဏကို ချိန်ဆနိုင်ရန် အထူးအရေးကြီးပါသည်။ အဆိုဆွေးနွေးချက်မေးခွန်းအတွက် စာပိုဒ်(၄)ပိုဒ်သာ ရေးသားဖြေဆိုသင့်သည်။ ပထမပိုဒ်သည် အစပျိုးသည့် နိဒါန်းဖြစ်ပြီး ဒုတိယနှင့် တတိယပိုဒ်တို့သည် စာကိုယ်ဖြစ်ပါသည်။ စတုတ္ထပိုဒ်မှာ မိမိ၏ရပ်တည်ချက်ကို အတည်ပြု နိဂုံးချုပ်သည့် အပိုဒ်ဖြစ်သည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်ကို (၅)မိနစ်ခန့်သာ အသုံးပြုသင့်ပါသည်။ စာပိုဒ်တစ်ပိုဒ်ကို ပမာဏမည်မျှရေးသင့်သည် ဆိုသည်မှာမူ ပေးမှတ်နှင့် ချိန်ဆရမည်ဖြစ်သည်။ အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရန်အတွက် ယေဘုယျအားဖြင့် ပထမပိုဒ်နိဒါန်းနှင့် စတုတ္ထပိုဒ် နိဂုံးကို(၂)မှတ်စီ၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ် စာကိုယ်များကိုမူ (၃)မှတ်စီ သတ်မှတ်လျာထားပါသည်။

တက္ကသိုလ်ဝင်တန်းမြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို ဖော်ကျူးသည့်ဘာသာရပ်ဖြစ်ရာ ဘာသာရပ်၏ အနှစ်သာရကို သိရှိအောင် လေ့လာသင်ယူရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် တိတိကျကျကျက်မှတ်ရမည် ဖြစ်သလို အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းထားရမည်ဖြစ်ပါသည်။ ထို့အပြင် လိုရင်းအချက်အလက်ကို တိတိကျကျ ဖြေဆိုနိုင်ရန်လည်း လိုအပ်ပါသည်။ မိမိစိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ဖြင့် အရေးအသား စွမ်းရည်ကို ပြသရမည့် ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်၊ စာစီစာကုံးနှင့် အဆို ဆွေးနွေးချက်မေးခွန်းများကို ဖြေဆိုရာတွင်မူ မေးခွန်းကို ကောင်းစွာ နားလည်သဘောပေါက်အောင် ဖတ်ရှုပြီး မိမိသိရှိထားသည့်၊ လေ့လာမှတ်သားထားသည့် အချက်အလက်များကို မိမိ၏မြန်မာစာ အရေးအသားစွမ်းရည်၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်တို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး မြန်မာစာဘာသာရပ်ကို အခက်အခဲမရှိ ဖြေဆိုနိုင်ပြီး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ညောင်ရွှေမြို့နယ် မဇ္ဈိမလယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ အောက်တိုဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်တောကျေးရွာအုပ်စု မဇ္ဈိမလယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများသည် မဇ္ဈိမလယ်ခေါ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မဇ္ဈိမလယ်ခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ကာ မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့်

အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆဋ္ဌမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၅ သိန်းအား အသင်းသားအသင်းသူ ၁၈၂ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ꩻꩻꩻ

ဌာနဆိုင်ရာလုပ်ငန်းများတိုးတက်စေရန် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း၏ ထိရောက်အောင်မြင်မှုရလဒ်များ

ဒေါက်တာသံလွင်ထွန်း (ကသ-၃၂)

ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းသည် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ဥပဒေအမြင်ဖြင့်သုံးသပ်ကာ ဆောင်ရွက်ခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် လမ်းပြပေးနိုင်သော အရေးပါသည့်သင်တန်းတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုနှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို ဥပဒေရေးရာဝန်ကြီးဌာနတွင် တတိယအကြိမ်မြောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ ဩဂုတ်လ ၁၉ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၃)တွင် စာရေးသူအပါအဝင် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းသည် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများအား မိမိတို့၏ဌာနဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေအမြင်ဖြင့် ရှုမြင်သုံးသပ်ကာ ဆောင်ရွက်တတ်စေရန် လှုံ့ဆော်ပေးနိုင်သည့်အပြင် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရနိုင်သည့် ဥပဒေရေးရာပြဿနာများကို ဌာန၏ရည်မှန်းချက် ပန်းတိုင်များနှင့် လိုက်လျောညီထွေဖြစ်စေပြီး ဘက်ပေါင်းစုံမှ ပြောင်းလဲကြည့်မြင်၍ ဖြေရှင်းဆောင်ရွက်နိုင်စေရန် ပို့ချပေးနိုင်ခဲ့ပါသည်။ အောက်ဖော်ပြပါအချက်များသည် သင်တန်းမှရရှိခဲ့သော ဌာနဆိုင်ရာလုပ်ငန်းများတိုးတက်စေရန် အဓိကအချက်များပင်ဖြစ်ပါသည်–

ဌာန၏ ဥပဒေရေးရာလိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်း

ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ဥပဒေအမြင်ဖြင့် ကြည့်ရှုသုံးသပ်ကာ ထိရောက်စွာဆောင်ရွက်နိုင်စေရေးအတွက် မိမိတို့ဌာန၏ ဥပဒေရေးရာလိုအပ်ချက်များနှင့် အခက်အခဲစိန်ခေါ်မှုများကို ဦးစွာသိရှိနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အရေးကြီးပြီး ဌာနကအကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစာချုပ်များကို စီမံခန့်ခွဲခြင်း၊ ဌာန၏အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်များကို ကာကွယ်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်းတို့နှင့် စပ်လျဉ်းသည့်ဥပဒေများကို သိရှိနားလည်ရမည်ဖြစ်ပါသည်။

လက်ရှိဥပဒေဘောင်ကို အကဲဖြတ်ခြင်း

ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် မိမိတို့ဌာနက အကောင်အထည်ဖော်နေသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစာချုပ်များနှင့် စပ်လျဉ်း၍ လိုက်နာ ဆောင်ရွက်လျက်ရှိသည့် လက်ရှိဥပဒေမူဘောင်ကို သုံးသပ်အကဲဖြတ်ရန်လိုအပ်သည့်အပြင် ဥပဒေနှင့်အညီ ထိရောက်အောင်မြင်စွာ မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်သည့် လုပ်ငန်းနယ်ပယ်များကို ခွဲခြားသတ်မှတ်ရန် လိုအပ်ပါသည်။

ဥပဒေအရ အန္တရာယ်ဖြစ်နိုင်မည့်ကိစ္စများကို အကဲဖြတ်ခြင်း

ဥပဒေအရ အန္တရာယ်ဖြစ်နိုင်မည့် ကိစ္စများကို ပြည့်စုံစွာအကဲဖြတ်နိုင်စေရန် ဌာနဆိုင်ရာများအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သော ဥပဒေအရအန္တရာယ်ဖြစ်နိုင်မည့် အလားအလာရှိသောကိစ္စများနှင့် တာဝန်ရှိလာနိုင်မည့်ကိစ္စများကို သေချာစွာ ဆန်းစစ်ရန်လိုအပ်ပါသည်။ ထိုသို့ဆန်းစစ်ရာတွင် စာချုပ်စာတမ်းများ ဆန်းစစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လိုက်နာမှုကို ပြန်လည်သုံးသပ်ခြင်း၊ ဌာန၏လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေအရ ခိုင်မာမှုကို အကဲဖြတ်ခြင်း စသည်တို့ပါဝင်ပါသည်။

ဥပဒေလိုက်နာမှု အားကောင်းစေခြင်း

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများသည် မိမိတို့ဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေအရအန္တရာယ်ဖြစ်နိုင်မည့်ကိစ္စများနှင့် တာဝန်ရှိလာနိုင်မည့် ကိစ္စများကို လျှော့ပါး သက်သာစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

စာချုပ်စာတမ်းများ စီမံခန့်ခွဲခြင်း

ဌာနဆိုင်ရာ အဖွဲ့အစည်းများက မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စာချုပ်စာတမ်းများကို ချုပ်ဆိုပြီးပါက စာချုပ်ပါတာဝန်များကို လိုက်နာဆောင်ရွက်ရန်နှင့် တာဝန်ယူစီမံခန့်ခွဲရန်လိုအပ်ပါသည်။ စာချုပ်စာတမ်းများချုပ်ဆိုရာ၌ ဥပဒေကြောင်းအရ အားနည်းချက်မဖြစ်စေရန်နှင့် ဌာန၏အကျိုးစီးပွားကို ကာကွယ်နိုင်စေရန် စာချုပ်ပါအချက်များကို သုံးသပ်၍ စနစ်တကျချုပ်ဆိုရမည်ဖြစ်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း တက်ရောက်ခြင်းဖြင့် စိတ်ကူးသစ်များရရှိလာကာ တီထွင်ကြံဆတွေးခေါ်မှုအသစ်များ ရရှိသည့်အပြင် ဌာနလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ဥပဒေဆိုင်ရာပြဿနာများကို ဖော်ထုတ်ဖြေရှင်းနိုင်ခြင်း၊ အန္တရာယ်ဖြစ်နိုင်မည့်ကိစ္စများ လျှော့နည်းအောင် စီမံဆောင်ရွက်နိုင်ခြင်း၊ ဌာန၏ရည်မှန်းချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာန၏ ရည်မှန်းချက်ပန်းတိုင်များ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများကို နက်နက်နဲနဲသိရှိနားလည်လာပြီး သင်တန်းမှရရှိလာသော ဥပဒေအသိပညာဗဟုသုတများဖြင့် ပေါင်းစပ်ကာ ဘက်စုံကြည့်မြင်ဆောင်ရွက်နိုင်စွမ်းများ ရရှိစေသည့်အတွက် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းသည် ထိရောက်အောင်မြင်သည့် သင်တန်းတစ်ခုဖြစ်

မူဝါဒချမှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ မူဝါဒများသည် ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထိရောက်စွာ ဆက်သွယ်မှုရှိနေရန် လိုအပ်ပါသည်။ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာန၏ မူဝါဒများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များသည် အကောင်းဆုံးလိုက်နာကျင့်သုံးမှုများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ အချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ကြားဝင်ဖျန်ဖြေခြင်း

ဌာနတွင်း အငြင်းပွားမှုများနှင့် ပဋိပက္ခများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ဥပဒေကြောင်းအရ အရေးယူရခြင်းများကို လျှော့နည်းစေပါသည်။ ဌာနတွင်း အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် ကြားဝင်ဖျန်ဖြေခြင်းတို့ ဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာကျွမ်းကျင်မှုများကို အသုံးချနိုင်ရန် လိုအပ်ပါသည်။

ဌာနဆိုင်ရာအချက်အလက်များ လုံခြုံမှုရှိစေခြင်း

ဌာနဆိုင်ရာ အချက်အလက်များ၏ အရေးပါမှုကို တိုးမြှင့်ဆောင်ရွက်သင့်ပြီး အရေးကြီးသော ဌာနဆိုင်ရာသတင်းအချက်အလက်များကို မည်သို့ထိန်းသိမ်းရမည်၊ ပေါက်ကြားမှု မရှိစေရေးအတွက် မည်သို့ကာကွယ်ရမည် စသည့်စီမံဆောင်ရွက်မှုများကို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တရားစွဲဆိုမှုများ မဖြစ်ပွားအောင် ရှောင်ကြဉ်ခြင်း

ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အငြင်းပွားမှုများနှင့် တရားစွဲဆိုခြင်းများတွင် တတ်နိုင်သမျှ ပါဝင်ရခြင်းမရှိစေရန် ကနဦးပြဿနာများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ကာ ဖြေရှင်းပေးနိုင်မည့်လုပ်ငန်းစဉ်များပါဝင်သည့် မဟာဗျူဟာချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တရားဝင်ဘဏ္ဍာငွေ သုံးစွဲခြင်းနှင့် ကုန်ကျစရိတ်ထိန်းချုပ်ခြင်း

နိုင်ငံတော်၏ ဘဏ္ဍာငွေကိုသုံးစွဲရာတွင် သုံးစွဲသည့်ငွေနှင့် ထိုက်တန်သည့် ပမာဏရရှိရန် ဆွေးနွေးညှိနှိုင်းဖြေရှင်းသည့်နည်းလမ်းများကို အသုံးပြု၍ ဘဏ္ဍာရေးစည်းမျဉ်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဥပဒေနှင့်အညီ ခွဲဝေချထားပေးသည့် ဘဏ္ဍာငွေကို ထိထိရောက်ရောက်စီမံခန့်ခွဲကာ အသုံးစရိတ်များသည် ဌာန၏ဘဏ္ဍာရေးပန်းတိုင်များ၊ ဦးစားပေးများနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ပူးပေါင်းဆက်သွယ်ဆောင်ရွက်ခြင်း

ဥပဒေရေးရာ ဝန်ကြီးဌာနကဲ့သို့ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားဝန်ကြီးဌာနများအကြား ပိုမို၍ ပူးပေါင်း ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဌာနဆိုင်ရာများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဥပဒေအမြင်ဖြင့်လည်း ကြည့်ရှုဆုံးဖြတ်ဆောင်ရွက်ရန် အရေးကြီးပါသည်။

စွမ်းဆောင်ရည် တိုင်းတာခြင်း

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများတွင် ဝန်ထမ်းများ၏ဥပဒေဆိုင်ရာပံ့ပိုးမှုဖြင့် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်မှုကို တိုင်းတာရန် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်းများ (Key Performance Indicators–KPIs) ကို သတ်မှတ်သင့်ပါသည်။ အဆိုပါညွှန်းကိန်းများတွင် ဥပဒေအရ အန္တရာယ်ဖြစ်နိုင်မည့်ကိစ္စများကို လျှော့ချနိုင်ခြင်း၊ ကုန်ကျစရိတ်များ ချွေတာနိုင်ခြင်း၊ စည်းကမ်းလိုက်နာမှုနှုန်း တိုးတက်လာခြင်း၊ အငြင်းပွားမှုများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်း စသည်တို့ပါဝင်ပါသည်။

စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်း

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဌာန၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲသည့်အခါတိုင်း အမြဲသိရှိနေရန် စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်ရန် လိုအပ်ပါသည်။ ဌာန၏ဥပဒေရေးရာမဟာဗျူဟာများ၊

စာမျက်နှာ ၁၉ သို့ ✦

AFC MAs & RAs Presidents' and General Secretaries' Conference 2023 သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၈

အာရှဘောလုံးအဖွဲ့ချုပ် AFC အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးများညီလာခံ (AFC MAs & RAs Presidents' and General Secretaries' Conference 2023)ကို ဥဇဘက်ကစ္စတန်နိုင်ငံ Tashkent မြို့တွင် အောက်တိုဘာ ၇ရက်၊ ၈ ရက် တို့တွင် ကျင်းပသည်။

အဆိုပါညီလာခံအား အာရှဘောလုံးအဖွဲ့ချုပ် စီနီယာဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နေပြီး ဥဇဘက်ကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် Abdulla Aripov၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနို၊ အာရှဘောလုံးအဖွဲ့ချုပ် (AFC) ဥက္ကဋ္ဌနှင့် AFC အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ကမ္ဘာ့ဘောလုံးနယ်ပယ် အသီးသီးမှ ကျွမ်းကျင်သူများ တက်ရောက်ခဲ့သည်။

ဖီဖာ ဥက္ကဋ္ဌ အင်ဖန်တီနိုက အာရှဘောလုံးအဖွဲ့ချုပ် စီနီယာဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ကို အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

ညီလာခံတွင် အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံက ၂၀၃၄ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပရေး လျှောက်ထားမှုအပါအဝင် ဖီဖာ နိုင်ငံတကာပြိုင်ပွဲများ၊ အာရှဒေသတွင်း ပြိုင်ပွဲများနှင့် ဘောလုံးဖွံ့ဖြိုးရေးအစီအစဉ်များအား ဆွေးနွေးခဲ့သည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လင်းခေးခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၄၁ ဒသမ ၇၉၉သန်းဖြင့် မြေလမ်း ၁/၆မိုင်၊ ကျောက်လမ်း၁/၃မိုင်၊ ကွန်ကရစ်လမ်းပေ၂၅၀၊ ကျောက်တောင်မိုင်းခွဲခြင်း ၀/၂မိုင်၊ ကွန်ကရစ်တံတား ခုနစ်စင်း၊ Box Culvert ၁၆စင်း၊ သာသနာရေးလုပ်ငန်းသုံးခု၊ ဦးစီးဌာနလုပ်ငန်း သုံးခုတို့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်ဇော‌ဦး(မောရှမ်းမြေ)

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

■ **အာရှအားကစားမှ**

ပထမနေရာရပ်တည်ခဲ့ပြီး ဂျပန်နိုင်ငံက ရွှေတံဆိပ် ၅၂ ခု၊ ငွေတံဆိပ် ၆၇ ခု၊ ကြေးတံဆိပ် ၆၉ ခုဖြင့် ဒုတိယ၊ တောင်ကိုရီးယားနိုင်ငံက ရွှေတံဆိပ် ၄၂ ခု၊ ငွေတံဆိပ် ၅၉ ခု၊ ကြေးတံဆိပ် ၈၉ ခုဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် ယခုပြိုင်ပွဲတွင် အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းက ရွှေတံဆိပ် တစ်ခု၊ မြန်မာရိုးရာလှေအဖွဲ့က ကြေးတံဆိပ် နှစ်ခု ရရှိခဲ့သည်။ ကျန်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဝူရှူး၊ Esports၊ တိုက်ကွမ်ဒိုနှင့် မြားပစ်အားကစားနည်းများမှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရယူနိုင်ခဲ့ပြီး ကြေးတံဆိပ်ဆုများကို ရိုးရာလှေ အမျိုးသမီး မီတာ ၅၀၀ ပြိုင်ပွဲတွင် တစ်ခုနှင့် ရိုးရာလှေ အမျိုးသား မီတာ ၁၀၀၀ ပြိုင်ပွဲတွင် တစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–asean football**

✦ စာမျက်နှာ ၁၈ မှ

အစဉ်အလာအရဆောင်ရွက်နေမှု များကို ပြောင်းလဲလာသောဌာန၏ လိုအပ်ချက်များ၊ ဥပဒေပြင်ဆင်ချက်များနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် စဉ်ဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ချိန်ညှိဆောင်ရွက်ခြင်း

အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ဌာန၏လုပ်ငန်းများ ထိရောက်အောင်မြင်မှုကို ပုံမှန်ဆန်းစစ်အကဲဖြတ်ရန် လိုအပ်သည့်အပြင် ပိုမိုကောင်းမွန်သောရလဒ်များရရှိရန် လိုအပ်သကဲ့သို့ ဌာန၏ မဟာဗျူဟာများကို ချိန်ညှိဆောင်ရွက်ရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းမှ ဆရာများ၏ပို့ချချက်များမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်အောင်မြင်ရန် များစွာ အထောက်အကူပြုသည့်အပြင် ဥပဒေနှင့်အညီ ဆောင်ရွက်တတ်စေသည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေပါသည်။ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းတက်ရောက်ခြင်းဖြင့် စိတ်ကူးသစ်များရရှိလာကာ တီထွင်ကြံဆ တွေးခေါ်မှုအသစ်များ ရရှိသည့်အပြင် ဌာနလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း ဥပဒေဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ဖြေရှင်းနိုင်ခြင်း၊ အန္တရာယ်ဖြစ်နိုင်မည့်ကိစ္စများ လျော့နည်းအောင် စီမံဆောင်ရွက်နိုင်ခြင်း၊ ဌာန၏ ရည်မှန်းချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိစေပါသည်။ ဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာန၏ ရည်မှန်းချက်ပန်းတိုင်များ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများကို နက်နက်နဲနဲ သိရှိနားလည်လာပြီး သင်တန်းမှရရှိလာသော ဥပဒေ အသိပညာ ဗဟုသုတများဖြင့် ပေါင်းစပ်ကာ ဘက်စုံကြည့်မြင် ဆောင်ရွက်နိုင်စွမ်းများ ရရှိစေသည့်အတွက် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းသည် ထိရောက်အောင်မြင်သည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၀-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၄၅	၁၉၉၅	၁၉၉၀	၁၉၅၅	၁၉၉၀	၂၀၁၅	၂၀၀၀	၁၉၈၀	၂၀၇၅	၂၀၉၅	၁၉၈၅	၁၉၉၅	၂၀၃၀	၂၀၃၀	၂၀၃၅	၂၂၆၅	၃၂၀၀
95 Ron	၂၀၄၅	၂၀၉၅	၂၀၉၀	၂၀၅၅	၂၀၉၀	၂၁၁၅	၂၁၀၀	၂၀၈၀	၂၁၇၅	၂၁၉၀	၂၀၈၅	၂၁၀၀	၂၁၃၀	၂၁၃၀	၂၁၃၅	၂၃၆၀	၃၃၀၀
HSD (500 ppm)	၂၂၂၅	၂၂၇၀	၂၂၆၅	၂၂၃၀	၂၂၇၀	၂၂၉၅	၂၂၉၀	၂၂၅၅	၂၃၇၅	၂၃၇၀	၂၂၆၅	၂၂၇၀	၂၃၁၀	၂၃၁၀	၂၃၁၀	၂၅၄၀	၃၃၀၀
HSD (50 ppm)	၂၂၆၅	၂၃၁၀	၂၃၁၀	၂၂၇၀	၂၃၁၀	၂၃၃၅	၂၃၃၀	၂၂၉၅	၂၄၁၅	၂၄၁၀	၂၃၀၅	၂၃၁၅	၂၃၅၀	၂၃၅၀	၂၃၅၀	၂၅၈၀	၃၃၆၀
HSD (10 ppm)	၂၂၆၅	၂၃၁၀	၂၃၁၀	၂၂၇၀	၂၃၁၀	၂၃၃၅	၂၃၃၀	၂၂၉၅	၂၄၁၅	၂၄၁၀	၂၃၀၅	၂၃၁၅	၂၃၅၀	၂၃၅၀	၂၃၅၀	၂၅၈၀	၃၃၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၄၄	၁၉၁၅
95 Ron	၁၉၄၀	၂၀၁၃
HSD (500 ppm)	၂၁၁၄	၂၁၈၅
HSD (50 ppm)	၂၁၅၃	၂၂၂၅
HSD (10 ppm)	၂၁၅၃	၂၂၂၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၄၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၁၀-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၇-၁၀-၂၀၂၃) ရက်နေ့ ည (၈:၀၀)နာရီမှ (၈-၁၀-၂၀၂၃)ရက်နေ့ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၄၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

Grade 5

Unit 8 Travelling around
Lesson 2: A place I want to visit

Read the following dialogue and fill in the blanks with the suitable words given below.

OK cough cough Yes, I have fever
Yes, I have Thank sore throat
go take care

Ko Ko : Hello, Thazin. Are you ___________ (1)__________?

Thazin: Hi. Not really. I've got a __________ (2)_____________.

Ko Ko: Have you got a ______(3)________?

Thazin: ______(4)__________.

Ko Ko: Have you got a ______(5)_______, too?

Thazin: _____(6)_______.

Ko Ko: I think you've got a ______(7)______.

You should ______(8)______ home.

Thazin : I will.

Ko Ko: Please ______(9)__________.

Thazin : ________(10)_________ you.

Writing

(A) Fill in the blanks with a suitable word form.

(1) His smartphone is (cheap) _______ than mine.

(2) Our school is (near) ______ from my house.

(3) How (high) _______ is Mt Everest?

(4) This book is (interesting) ________ than that one.

(5) Soe San is (beauty) ________ than her sisters.

(B) Supply the correct form of the verb given the brackets.

(1) (take) Which bus should we __________?

(2) (you, go) Where ________ now?

(3) (you, see) Where did you _______ him?

(4) (play) I ______ football with my friends every Sunday.

(5) (love) My parents ________ me very much.

(C) Rearrange the following words in the correct order to make a sentence.

(1) can / get / we / How / there / ? /

(2) a / in / to / lot/ is / There/ see / the / park / . /

(3) takes / 30 minutes / the / It / get / to / . / to / school /

(4) a / and / many / the / park / There / trees / lake / in / . / are /

(5)go / zoo / Let's / to / . / the /

****

Answers:

Lesson 2 : A place I want to visit

(1) OK (2) cough (3) cough (4) Yes, I have. (5) sore throat (6) Yes, I have. (7) fever (8) go (9) take care (10) Thank

Writing

(A) (1) cheaper (2) near (3) high (4) more interesting (5) more beautiful

(B) (1) take (2) are you going (3) see (4) play (5) love

(C) (1) How can we get there? (2) There is a lot to see in the park. (3) It takes 30 minutes to get to the school. (4) There are many trees and a lake in the park. (5) Let's go to the zoo.

****

Grade 6

Unit 5
Lesson 3: Where are you from?

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. He respects the rules. She is a good c_____________.
2. I live in Myanmar. I love my c____________.
3. Nay Pyi Taw is the c___________ city of Myanmar.
4. I'm Japanese. What is your n___________?
5. His voice is great. He can be a s___________.
6. An a______ is a person who writes books or stories.
7. I like to watch Indian m___________s.

II. Choose the correct answers.

1. Where is Vientiane?
 (a)in Malaysia (b) in Thailand (c) in Lao PDR
2. What is the capital of Myanmar?
 (a)Jakarta (b) Manila (c) Nay Pyi Taw
3. What is the nationality of the Philippines?
 (a)Singaporean (b) Vietnamese (c) Filipino
4. In which country is Bangkok located, Malaysia or Thailand?
 ______________________________.
5. What is the capital of Brunei Darussalam?
 (a) Kualar Lampur (b) Phnom Penh
 (c) Bandar Seri Begawan
6. What is the capital of Cambodia?
 (a)Phnom Penh (b) Hanoi (c) Jakarta
7. What is a citizen of Vietnam called?
 (a)Thai (b) Laotian (c) Vietnamese

III. Complete the sentences with the correct form of the verb in the <u>present simple tense.</u>

1. She ____ (play) the guitar.
2. I ____ (eat) breakfast every morning.
3. They ____ (study) English at school.
4. He ____ (like) to read books.
5. We ____ (watch) movies on weekends.

IV. Change the following sentences into questions using the <u>present simple tense.</u>

1. They study English at school.
2. She likes to dance.
3. We play soccer in the park.

V. Change the following sentences into negative statements using the <u>present simple tense.</u>

1. I play video games all day.
2. They watch TV in the evening.
3. She likes chocolate ice cream.
4. We go to the park on Sundays.
5. The birds sing in the morning.
6. He reads comics after school.

VI. Order the sentences.

1. am/ good/ a / I/ student/ ./
2. my/ is/ very/ brother/ intelligent/ ./
3. are/ They/ from/ Thailand/ ./
4. the/ house/ she/ isn't/ in/ ./
5. is/ on/ bus/ she/ the/ now/ . /

****

Answers

Unit 5 Lesson 3: Where are you from?

I. 1. citizen; 2. country; 3. capital; 4. nationality; 5. singer; 6. author; 7. movies;

II. 1. (c) in Lao PDR 2. (c) Nay Pyi Taw 3. (c) Filipino 4. Bangkok is located in Thailand. 5. (c) Darussalam is Bandar Seri Begawan 6. (a) Phnom Penh 7. (c) Vietnamese

III. 1. plays; 2. eat; 3. study; 4. likes; 5. watch; 6. shines;

IV. 1. Do they study English at school? 2. Does she like to dance? 3. Do you play soccer in the park?

V. 1. I don't play video games all day. 2. They don't watch TV in the evening. 3. She doesn't like chocolate ice cream. 4. We don't go to the park on Sundays. 5. The birds don't sing in the morning.

VI. I am a good student. 2. My brother is very intelligent. 3. They are from Thailand. 4. She isn't in the house. 5. She is on the bus now.

****

Grade 7

Unit 5
Lesson 2 : Football

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. Our team cheered each other on while playing against our o_______.
2. I feel f_______ with this place because I've been here before.
3. In class, we follow the r_______ to be good students.
4. Ice cream is a p_______ treat during hot summer days.
5. We play soccer on the p______ at the park.

II. Supply the correct form of the words given in brackets.

1. (oppose) In a game of soccer, the players on the other team are our.
2. (attack) The ___________ tried to score the other side's goal.
3. (defend) The ______ in soccer tries to prevent the opposing team from scoring.
4. (assist) The librarian's _____ shelved the books back in their proper places.
5. (play) My brother is a good football ____________.

III. Supply the correct form of the verbs given in brackets.

1. (play) Can you ___________ football?
2. (watch) I ___________ the final match now.
3. (you, get) How _____________ here?
4. (kick) Don't _____________ the ball into the road.
5. (try) My sister ____________ to be a doctor.

IV. Make questions about the words in bold.

1. Zaw Lay has worked in this company <u>for five years.</u>
 ____________________________________.
2. She went to <u>the monastery</u> this morning.
 ____________________________________.
3. Ko Aung likes <u>to watch a football match.</u>
 ____________________________________.
4. He discovered <u>the pot of gold coins</u> among the bushes.
 ____________________________________.
5. I was born <u>in 2002.</u>
 ____________________________________.

V. Answer the following questions.

1. What is the most popular game in the world?
2. How is football played?
3. How many teams are there in a football match, and what is their objective?
4. What are the dimensions of the football pitch or field?
5. How wide and high are the goals at each end of the field?
6. What is the total width and length of the football pitch or field?
7. How many players does each team have during a game?
8. What is the goalkeeper's main task during the game?
9. What is the unique privilege of the goalkeeper compared to other players on the field?
10. What are the other ten players allowed to use while playing football?

****

Grade 8

Unit 5
Lesson 3 : Take the medicine three times a day

I.Complete the sentences using an imperative in positive or negative form. Use the verbs given below.

drink smoke drive be
Turn turn off wash write

1. ____________ your mobile phone.
2. ____________ right when you reach the junction.
3. Please, ___________ in this area.
4. ____________ your name here.
5. ____________ careful. The floor is wet.
6. ____________ your hands.
7. ____________ slowly.
8. ____________ this water.

II. Choose the best imperative for each sentence.

1. ____________ warmly so you don't get cold outside. It's snowing!
 (A)Don't dress (B) Dressing (C) Dress
2. Teacher: Jerry, _____________ please. I'm ready to begin teaching.
 (A) You sit down (B) sit down
3. **Boss:** Always ___________ your documents as soon as you finish writing them.
 Worker: Ok, I will.
 (A) Save (B) you save (C) don't save
4. ___________ careful! You almost spilled your coffee.
 (A)Be (B) You be (C) Don't be
5. ___________ after you eat a big meal. It's not a good idea.
 (A) Don't exercise (B) Exercise
6. A: Could you tell me how to find the bookstore?
 B: Sure. _____________ two blocks and turn left at the corner. It's right there!
 (A) Walk (B) Walks (C) Don't walk

III. Rearrange the following to form the imperative sentences.

1. carefully / starting / Read / the instructions / before / the test.
2. your / watching / Finish / homework / . / before / TV
3. hot / the / . / Don't / touch / stove/
4. play / before / room / Clean / your / going out / to
5. of / care / yourself/ . / Take
6. leaving / off / the lights / Turn / before / the room.

****

Grade 9

Unit 5 Lesson 3: She said that she was busy

Grammar

Reported Speech

(A) Complete the tables using the suitable time and place expressions.

	Direct Speech	Indirect Speech
1.	this	_________
2.	these	_________
3.	thus	_________
4.	ago	_________
5.	now	_________
6.	here	_________
7.	today/tonight	_________
8.	yesterday	_________
9.	tomorrow	_________
10.	next	_________
11.	last	_________
12.	nowadays	_________

****

(B) Rewrite the sentences in indirect speech.

Statement

1. Min Min said, "I love ice cream."
2. The children said, "We are going to the park."
3. My best friend said, "I can play the piano."
4. "It's raining outside," they said.
5. My brother said, "I want to be a doctor."
6. The teacher said, "We have a test tomorrow."
7. Father said, "I am reading a book."
8. She said, "They are coming to the party."
9. Maung Maung said to me, "I will call you later."
10. My sister said, "I don't like pizza."
11. The athletes said, "We won the game."
12. Lin Zaw said, "I have already finished my homework."
13. The man said, "The movie starts at 7 PM."
14. Our neighbours said, "We are going on vacation next week."
15. Mee Lay said, "I want to visit the zoo with my family."
16. Grandpa said, "I could run fast when I was young."
17. The teacher said to us, "You must finish your homework tomorrow."
18. "I would like to invite my close friends and relatives to my birthday party," said Shwe Sin.
19. "We shall buy a new car next year," U Zaw said.
20. Ko Ko said to his mother, "I must get up early tomorrow morning."

****

Unit 5 Lesson 4: I think it's fantastic!

I. Read each statement and decide whether it is a Fact or an Opinion.

e.g. Music can be soft or loud. (Fact)

I think rock music is the best. (Opinion)

1. The sun rises in the morning and sets in the evening. (____)
2. Sunsets are beautiful and magical. (____)
3. My favorite subject in school is art. (____)
4. Water is essential for all living things to survive. (____)
5. I believe reading books is enjoyable. (____)
6. Ice cream is the best dessert ever! (____)
7. Soccer is the most exciting sport to watch. (____)
8. Elephants are the largest land animals on the planet.(____)
9. Trees provide oxygen for us to breathe. (____)
10. The Earth is a planet in our solar system.
11. I love spending time with my family. (____)
12. Chocolate is the tastiest treat in the world. (____)
13. I think rainy days are cozy and peaceful. (____)
14. The moon orbits around the Earth. (____)
15. Cats are mammals and have fur all over their bodies. (____)

II. Write your own Facts and Opinions on "My favourite singer".

Fact

1. ______________________________.
2. ______________________________.
3. ______________________________.

Opinion

1. ______________________________.
2. ______________________________.
3. ______________________________.

****

Answers:

Unit 5 ; Lesson 3: She said that she was busy

Grammar

(A) 1. that 2. those 3. so 4. before 5. then 6. there 7. that night 8. the day before 9. the next day/ the following day 10. the following 11. the previous 12. in those days

(B) 1. Min Min said that she loved ice cream. 2. The children said that they were going to the park. 3. My best friend said that he/she could play the piano. 4. They said that it was raining outside. 5. My brother said that he wanted to be a doctor. 6. The teacher said that they had a test the next day. 7. Father said that she was reading a book. 8. She said that they were coming to the party. 9. Maung Maung told me that he would call me later. 10. She said that she didn't like pizza. 11. The athletes said that they had won the game. 12. He said that she had already finished her homework. 13. The man said that the movie started at 7 PM. 14. Our neighbours said that they were going on vacation the following week. 15. Mee Lay said that she wanted to visit the zoo with her family. 16. Grandpa said that he could swim when he was young. 17. The teacher told us that we must finish our homework the next day. 18. Shwe Sin said that she would like to invite her close friends and relatives to her birthday party. 19. U Zaw said that they would buy a new car the following year. 20. Ko Ko told his mother that he must/had to get up early the next morning.

****

Lesson 4: I think it's fantastic!

I. 1. Fact 2. Opinion 3. Opinion 4. Fact 5. Opinion 6. Opinion 7. Opinion 8. Fact 9. Fact 10. Fact 11. Opinion 12. Opinion 13. Opinion 14. Fact 15. Fact

II. Fact

My favorite singer's name is _________.

_________ is a famous singer known for their music. They have released many albums and songs.

Opinion

I think my favorite singer has the best voice. Their songs make me feel happy and excited. My favorite singer is amazing at performing on stage.

****

Grade 12

Unit 4 EMOTIONAL WELL–BEING

(ယခင်အပတ်မှ အဆက်)

(4) Read the passage. (Seen passage)

(B)Answer each question in one sentence. (5 marks)

1. What makes it easier for us to feel disappointed, worried, or distressed?

2. When do we blame others or criticize them?

3. How do we feel when our wants or needs are not fulfilled?

4. What does emotional well–being bring?

5. What are negative feelings we experience in our daily life?

6. What is an essential thing for us to enjoy a better quality of life?

****

VI. Read the passage. (Unseen)

Benjamin Franklin was an American __**politician**__, inventor, and scientist. He was born in 1706 and at the age of ten set to work in his father's candle and soap business. However, he dislike his work and two years later he went to work for a printer. He eventually became a successful printer, producing a weekly newspaper and popular books. He also became a politician and helped the United States become free from British rule. His inventions included a smokeless stove, bifocal lenses, and new types of __**fertilizer**__.

In 1752 Franklin __**conducted**__ a dangerous experiment. By flying a kite during a storm, he discovered that a lightning bolt is just a large electric spark. Franklin put his discovery to use and invented the __**lightning**__ conductor. This is a thick metal wire that ran from the top of a building to the ground. If lightning struck the building, the electricity would travel down the wire to the ground and therefore would not damage the building or __**harm**__ the people inside. This discovery was the first step in developing ways of making use of electricity to power machines.

(A) Find the bold – faced words in the passage that are similar in meaning in the following.(5 marks)

(1) a natural substance used to make the ground more suitable for growing plants a. ---------

(2) a flash of light produced by short duratioin b. --------

(3) cause injury or damage to another c. ---------

(4) one engaged in politics, especially an elected government official d. ---------

(5) managed e. ---------

(B) Answer the following questions. Give completely answers. (10 marks)

(6) What was Benjamin Franklin and when was he born?

(7) How old was Benjamin Franklin when he worked in his father's business and when and why did he leave his job?

(8) When he became a successful printer, what did he do and how did he become a politician?

(9) Describe some of his famous inventions and what did he realize by his adventure?

(10) What is the lightning conductor and what would happen if lightning struck the building?

****

Answers:

(4) Read the passage. (Seen passage)

(A) **1.** negative emotions; **2.** depression; **3.** experiencing; **4.** loss; **5.** satisfaction; **6.** emotional stability; **7.** peacemaker; **8.** modesty; **9.** emotional well–being; **10.** ten practical ways suggested;

(B) **1.** Stressful situations make it easier for us to feel disappointed, worried, or distressed. **2.** We blame others or criticize them when something bad or unkind happens to us. **3.** When our wants or needs are not fulfilled, we feel depressed, distressed or frustrated. **4.** Emotional well–being typically brings pleasant feelings such as excitement, happiness and love. **5.** Negative feelings we experience in our daily life are anxiety, rage, doubt or sadness. **6.** A good sense of emotional well–being is an essential thing for us to enjoy a better quality of life.

VI.Read the passage. (Unseen Passage)

(A)1. a. fertilizer 2. b. lighting 3. c. harm 4. D. politician 5. e. conducted

(B)(6) Benjamin Franklin was an American politician, inventor, and scientist and he was born in 1706. (7) Benjamin Franklin was ten years old when he worked in his father's business and he left his job after two years to work for a printer. (8) When he became a successful printer, he produced a weekly newspaper and popular books and he became a politician by helping the United S tates become free from British rule. (9) Some of his famous inventions are a smokeless strove, bifocal lenses, and new types of fertilizer and he realized that a lightning bolt is just a large electric spark by his adventure. (10) The lightning conductor is a thick metal wire that ran from the top of a building to the ground and the electricity would travel down the wire to the ground and therefore would not damage the building or harm the people inside if lightning struck the building.

****

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၄-၁၀-၂၀၂၃ ရက်မှအဆက်

လေပြည် လေညင်းကလေးသည် ခေါင်းနီတောင်တန်းဘက်ဆီ တဝေ့ဝေ့ တိုက်ခတ်လာသည်။ ထန်းဖိုနံ့ကလည်း လှိုင်၍လာသည်။

ခင်သန်းဌေး၏ဦးနှောက်တွင်းမှာလည်း အဘိဓမ္မာဆန်လှသော ကိုအေးဆွေ၏ စကားလုံးများက ရိုက်ခတ်လာသည်။

လေပြည်ကလေးသည် ခင်သန်းဌေး၏ နဖူးမှ ဆံစလေးများကို တလွင့်လွင့်နှင့် လှုပ်ယမ်းနေလေသည်။

ထို့အတူ ခင်သန်းဌေး၏ရင်တွင်းမှာလည်း တလှပ်လှပ်နှင့် လှုပ်ခါနေလေသည်။

“တစ်ခါ တစ်ဖက်ကနေ ကြည့်မယ်ဆိုရင်လည်း လူသတ္တဝါတွေမှာ အချိန်တန်အရွယ်ရောက်လို့ လူလားမြောက်တဲ့ အရွယ်ကစပြီး လူ့လောကရဲ့တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ကြသလို ဒီအဝိညာဏက ထန်းမောင်နှံဟာလည်း ထန်းလားမြောက်တဲ့ အရွယ်ကစပြီး သက်ရှိလူသတ္တဝါတွေ စားသုံးဖို့အတွက် ထန်းရည်၊ ထန်းလျက် အစရှိတဲ့ စားသုံးကုန်ပစ္စည်းတွေကို ထုတ်လုပ်ပေးနေတယ်။ နောက်ပြီး တစ်ခါ ဒီထက်ပိုမိုလေးနက်အောင် ပြောရဦးမယ်ဆိုရင် ထန်းပင်ရယ်လို့ဖြစ်လာပြီး၊ ဆင်ခြေပေါ်တဲ့အရွယ်ကစပြီး လူသားတွေအတွက် ထန်းရွက် ထန်းလက် ထန်းလျှော်အစရှိတဲ့ လူသုံးကုန်ပစ္စည်းတွေအဖြစ်နဲ့လည်း မခိုမကပ် ထုတ်လုပ်ပေးနေတာဟာ ခုချိန်ထိပဲဆိုပါတော့။ ဒါဟာ သူတို့ရဲ့စွမ်းအား လုပ်အားတွေကို ရှိသလောက် ထုတ်ပေးနေခြင်းပဲ”

လေးနက်လှသော ကိုအေးဆွေ၏ စကားများကြောင့် ခင်သန်းဌေးမှာ စိတ်မဝင်စားဘဲ မနေနိုင်ပါတော့ချေ။ တကယ်တော့ ကိုအေးဆွေသည် ကြောင်းကျိုးဆက်စပ်နေပုံကို ဝိဇ္ဇာနည်းဖြင့် တွေးခေါ်ပြီးလျှင် သိပ္ပံနည်းကျကျအဖြေထုတ်၍ ပြဆိုနေခြင်းပင်။

ဒါတင်လား၊ မဟုတ်သေးပါဘူး။ မျိုးဆက် ပြန့်ပွားဖို့အတွက်လည်း ဝတ္တရားကျေတယ်လို့ ဆိုရမှာပေါ့။ ကျွန်တော် ဆယ့်သုံးလေးနှစ်သား အရွယ်တုန်းကဆိုရင် ဒီနားကဖြတ်ပြီး ကျောက်ပန်းတောင်းကို သွားနေကျ။ ဒီတုန်းကဆိုရင် ဒီထန်းမောင်နှံ နှစ်ပင်ပဲ ရှိသေးတယ်။ အဲဒီတုန်းက သူတို့ဟာ သီးထွက်ခါစ ထန်းပျိုမောင်နှံပေါ့”

ထိုစဉ် ခင်သန်းဌေးတို့သည် ထိုထန်းမောင်နှံ၏ခြေရင်းဝယ် ရပ်မိလျက်သား ရောက်ရှိနေကြပြီ ဖြစ်လေသည်။

“ခုတော့ကြည့်စမ်းပါဗျာ။ သားတွေ သမီးတွေနဲ့ဝန်းရံပြီး နေလိုက်ကြတာ ဘယ်လောက်များ ချမ်းမြေ့စရာကောင်းလဲလို့”

ခင်သန်းဌေးမှာ စောစောက ပဟေဠိဆန်လှသော ကိုအေးဆွေ၏ ပဏာမ အချီစကားများကို ယခုမှ သဘောပေါက်နားလည်လာတော့သည်။

“အခုတော့ ကျွန်တော်က သူတို့ကို “မိသားစုထန်းတော” လို့ နာမည်ပေးထားလိုက်ပြီလေ”

ကိုအေးဆွေသည် ထန်းမောင်နှံ၏ ခြေရင်းပတ်လည်ဝယ် ဆင်တစ်ရပ် မြင်းတစ်ရပ် ဝန်းရံ၍ ပေါက်နေကြသော ထန်းသူငယ်လေး (ထန်းပင်ငယ်လေးများခေါ် ထန်းရိုင်းပင်လေး) များကို လက်ဖြင့် လှည့်ပတ်ဝှေ့ယမ်း၍ပြရင်း ရယ်မောလျက်နေလေသည်။

“အင်း၊ ဒီလိုဆိုတော့လည်း ကိုအေးဆွေက စိတ်ကူးယဉ်သားနော်”

ထိုနောက်တော့ နှစ်ဦးသား ပြိုင်တူရယ်မောလိုက်ကြသည်။ ပုပ္ပားတောင်တစ်ခိုဝယ် မြူရိပ် မြူမှုန်လေးများသည် တရိပ်ရိပ်ထနေသည်။ နွေဦး၏တေးသံဖြစ်သော ဥဩပျို့ငှက်သံသည် အဝေးတစ်နေရာဆီမှ သဲ့သဲ့ထွက်ပေါ်လာသည်။

“အဲဒီလိုအဝိညာဏကဖြစ်တဲ့ သစ်ပင်ဝါးပင်မျိုး၊ ဒီထန်းမောင်နှံကတောင် လောကရဲ့ သဘာဝဓမ္မတရားကို မလွန်ဆန်ကြပါပဲလျက် အချို့လူသတ္တဝါတွေဟာ လွန်ဆန်နေကြပါတယ်။ တာဝန်မကျေဖြစ်နေကြတယ်။ အဲဒီထဲမှာ ကျွန်တော်တို့လည်းပါတယ်လို့ ဆိုရမှာပေါ့”

ကိုအေးဆွေသည် ဘာကို ဆိုလိုသနည်း။

ဤအမေးစကားက ခင်သန်းဌေး၏ ခေါင်းထဲသို့ ရုတ်ခြည်းပြေးဝင်လာလေသည်။

“တစ်ခုတော့ရှိသပေါ့လေ။ ဒီနေရာမှာ အပိုင်းနှစ်ပိုင်းခွဲရပါလိမ့်မယ်။ ထန်းမောင်နှံဟာ လူသားတွေရဲ့ စားဝတ်နေရေးအတွက် စားကုန် သောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေအနေနဲ့ ထုတ်လုပ်ပေးပြီး တာဝန်ကျေကျေ ထမ်းဆောင်ကြသလို ကျွန်တော်တို့ဌေးဌေးတို့ဟာလည်း ယနေ့ လက်ရှိ လူမှုအဆောက်အအုံကြီးတစ်ရပ်လုံးကိုတော်လှန်ပြီး ဆိုရှယ်လစ်လူ့ဘောင်သစ်သို့ ဦးတည်ချီတက်နေတဲ့ ကာလမျိုးမှာ ကျွန်တော်တို့ကလည်း တစ်တပ်တစ်အားအနေနဲ့ ကူညီတည်ဆောက်နေကြတယ်မဟုတ်လား”

ကိုအေးဆွေသည် သူ့စကားမှန်ကန်ကြောင်း ထောက်ခံလိုဟန်ဖြင့် ခင်သန်းဌေးအား ကြည့်ရင်း ဆို၏။

ဘယ်လို တည်ဆောက်ကြသလဲ။ လူသားအချင်းချင်းအပေါ် ခေါင်းပုံဖြတ်တဲ့၊ သွေးစုပ်တဲ့၊ ခြယ်လှယ်တဲ့၊ ဖိနှိပ်တဲ့၊ ချုပ်ချယ်တဲ့ အရင်းရှင်စနစ်ဆိုးတွေကို တိုက်ဖျက်တယ်၊ ခုခံတယ်၊ ကာကွယ်တယ်။ အဲဒီလို စနစ်ဟောင်းကို ချေမှုန်းပြီး စနစ်သစ်ဖြစ်တဲ့ တိုးတက်တဲ့ ဆိုရှယ်လစ်အတွေးအခေါ် အသိအမြင်နဲ့၊ တစ်ခါ လူသားတွေ အေးချမ်းစွာနဲ့ ဝတ်နိုင်၊ စားနိုင်၊ သောက်နိုင်၊ နေနိုင်အောင် လူသုံးကုန်ပစ္စည်းတွေထွက်အောင် လုပ်တယ်။ လုပ်တဲ့နေရာမှာလည်း စုပေါင်းပြီး လုပ်တယ်။ ရလာတဲ့ အကျိုးကျေးဇူးကိုလည်း အချိုးကျ ဝေငှယူတယ်။ လုပ်အားရှိသလောက်လည်း အကျိုးကျေးဇူး ခံစားရတယ်။ ဘယ်သူ့လုပ်အား၊ စွမ်းအား၊ ဉာဏ်အားအပေါ်မှ အမြတ်ထုတ်မှုဆိုတာမရှိရအောင် လုပ်တယ်။ ဒါတွေပါမက တခြား လူမှုရေးတွေပါ ပြည့်စုံအောင်လုပ်တယ်”

သူသည် ဤမည်သော ဆိုရှယ်လစ်သဘောတရားများကို မည်ကဲ့သို့သော သဘောဖြင့် ပြန်လည်ကာ ထပ်တလဲလဲ ပြောပြနေပါသနည်း။ သည်မျှအထိ အလေးအနက်ထား၍ ပြောနေပါလျှင် အကြောင်းတော့ရှိရပေမည်။

“အဲဒီလို တစ်ပိုင်းက ထန်းမောင်နှံနည်းတူ လူသားတွေအတွက် အကျိုးပြုနေပေမဲ့ နောက်တစ်ပိုင်းကျတော့ ဒီထန်းမောင်နှံလို ကျွန်တော်တို့ဟာ အကျိုးမပြုသေးပါဘူး။ ဝတ္တရားမကျေသေးပါဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ ကြီးမားတဲ့ ပျော့ကွက် အားနည်းချက်လို့ ဆိုရပေါ့မယ်။ နှလုံးသားမှာ ပုန်းကွယ်နေတဲ့ လျှို့ဝှက်ချက်ကို မဖော်ထုတ်ရဲဘူးလို့ ဆိုရပေါ့မယ်။ ဟော၊ ကြည့်စမ်းပါဌေးရယ်။ ဒီ ထန်းမောင်နှံမှာဆိုရင် သားတွေ သမီးတွေနဲ့။ ဟောဒီ ထန်းမောင်နှံလို ကျွန်တော်တို့မှာလဲ ...”

ကိုအေးဆွေ၏စကားက ဤတွင်ပင် ရပ်သွားသည်။

သူ့စကားများသည် မိမိအား ရည်ရွယ်ကာ လူပျိုစကား ပြောနေခြင်းပေလား။

သည်အသိက ရုတ်တရက် ပြေးဝင်လာသောအခါ ခင်သန်းဌေး၏ရင်ဝယ် ဘောင်ဘင်ခတ်၍ သွားတော့သည်။ စောစောက ကိုအေးဆွေဆိုခဲ့သည့် ဘဝ၏လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် ပြဒါးတိုင်တွေဆိုသည်မှာ ဤထန်းမောင်နှံကိုပင် သူ့အဘိဓမ္မာနည်းဖြင့်သုံးသပ်ပြီး တင်စားကာ ခေါ်ဆိုနေခြင်းပါတကား။

ထိုနောက်တွင်မူ ကိုအေးဆွေသည် အကဲခတ်ဟန်ဖြင့် ခင်သန်းဌေးကို ရွှန်းရွှန်းစားစား စူးစိုက်၍ ကြည့်လိုက်သည်။ ဤအကြည့်ကြောင့် ခင်သန်းဌေး၏ တစ်ကိုယ်လုံးသည် နွေးခနဲဖြစ်သွား၏။ မျက်လွှာကိုလည်း ချပစ်လိုက်ရ၏။ ခင်သန်းဌေးမှာ ကိုအေးဆွေ၏ မျက်လုံးအရှိန်ကို မခံနိုင်တော့ပါပေ။ ရင်ထဲမှာလည်း တလှိုက်လှိုက်ခုန်၍ တုန်လာတော့သည်။ ထိတ်လန့်ခြင်းတော့ မဟုတ်ပေ။ အမည်မဖော်တတ်သော ခံစားမှုဝေဒနာတစ်ရပ်သာ။

“အို အို၊ ကျွန်တော့်စကား ရိုင်းသွားပါတယ်။ ပွင့်လင်းသွားပါတယ်။ ဒီလိုပါ ဌေးဌေး။ စနစ်တစ်ခုကို တည်ဆောက်တဲ့နေရာမှာ တည်ဆောက်မယ့် ရဲဘော်ရဲဘက်တွေဟာ အတွေးတူ၊ အမြင်တူ၊ ယုံကြည်ချက်ချင်း ခံယူချက်ချင်းတူပါမှ စနစ်တစ်ခုကို အောင်အောင်မြင်မြင်နဲ့ တည်ဆောက်နိုင်သလို အိမ်ထောင်တစ်ခုပြုတဲ့အခါမှာလည်း ဒီလိုပါပဲ။ တစ်သက်တာ ဘဝခရီးလမ်းတစ်လျှောက် လက်တွဲသွားမယ့် ကြင်ဖော်ဟာလည်း အားလုံးအသွင်တူမှ အိမ်ထောင်ဟာ ခိုင်မြဲပြီး ဘဝဟာ ပျော်ရွှင်မှုအတိနဲ့ ပြည့်စုံမယ်မဟုတ်လား”

ကိုအေးဆွေသည် သူ့စကားကို ဖြတ်လိုက်ကာ မေးသလိုလိုနှင့် ဆို၏။ ခင်သန်းဌေးကမူ မည်သို့မျှ ထင်မြင်ချက်မပေး။ ပေးရန်လည်း မဝံ့။ ရင်ခုန်စွာဖြင့်သာ နားထောင်နေမိ၏။

“အဲဒီလို ဝါသနာချင်း၊ အသွင်ချင်း အားလုံးတူညီတဲ့ကျွန်တော့်ရဲ့ ဘဝကြင်ဖော်ကို ရှာခဲ့ပါတယ်။ ဟော အခုတော့ တွေ့နေပါပြီ။ တွေ့တာ”

“ကိုရင်ရေ၊ ကိုရင်”

ကိုအေးဆွေမှာ သူ့ချစ်အဘိဓမ္မာကို ဆုံးအောင်ပင် မပြောလိုက်ရပေ။ မိသားစုထန်းတောတစ်ဖက်စွန်းဆီမှ ထိတ်လန့်တကြား ရုတ်တရက်အော်ခေါ်လိုက်သော ထွေးရီ၏အသံကြောင့် ပြောနေဆဲစကားများကို တန့်ခနဲနေအောင် ရပ်ပစ်လိုက်မိရင်း အသံလာရာ ထွေးရီဘက်သို့ ရုတ်ခြည်း လှည့်ကြည့်လိုက်မိသည်။

ရင်တဖိုဖိုနှင့် ခံစားနေရသော ခင်သန်းဌေးမှာလည်း ကိုအေးဆွေနည်းတူ အသံလာရာ မိသားစုထန်းတောတစ်ဖက်စွန်းဆီသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်မိတော့သည်။

“အမယ်လေး ကိုရင်ရယ်၊ ရှာလိုက်ရတာ။ ဟို ဟိုမှာ ကိုကုလားကြီး ထန်းပင်ပေါ်က လိမ့်ကျနေလို့၊ အဖေက မြန်မြန်လာပါတဲ့”

အသံနှင့်အတူ ပျာလောင်စွာဖြင့် ထွေးရီလည်း ပေါ်လာတော့သည်။ ဖြစ်ပွားရာသို့ ကိုအေးဆွေတို့ အပြေးအလွှားရောက်ရှိသွားသောအခါတွင်ကား လူတွေဝိုင်းအုံနေသော မမြင်ရက်စရာ ကိုကုလားကြီး၏ အလောင်းနှင့် ကြေကွဲသည်းထန်စွာ ဝမ်းနည်းပက်လက် ဟစ်အော်ငိုကြွေးနေကြရှာသော ကိုကုလားကြီး၏ ဇနီး၊ သားသမီးတို့အား ရင်ဆို့စရာ တွေ့မြင်လိုက်ရတော့သည်။

ဩော်၊ ထန်းသမားဘဝဆိုသည်မှာ သင်္ချိုင်းသို့ ခြေတစ်ဖက်လှမ်းနေသော ဘဝပါတကား။

ဆက်လက်ဖော်ပြပါမည်။

“တစ်သက်တာ ဘဝခရီးလမ်းတစ်လျှောက် လက်တွဲသွားမယ့်
ကြင်ဖော်ဟာလည်း အားလုံးအသွင်တူမှ အိမ်ထောင်ဟာ
ခိုင်မြဲပြီး ဘဝဟာ ပျော်ရွှင်မှုအတိနဲ့ ပြည့်စုံမယ်မဟုတ်လား”
ကိုအေးဆွေသည် သူ့စကားကိုဖြတ်လိုက်ကာ မေးသလိုလိုနှင့်
ဆို၏။ ခင်သန်းဌေးကမူ မည်သို့မျှ ထင်မြင်ချက်မပေး။
ပေးရန်လည်း မဝံ့။ ရင်ခုန်စွာဖြင့်သာ နားထောင်နေမိ၏။
“အဲဒီလို ဝါသနာချင်း၊ အသွင်ချင်း အားလုံးတူညီတဲ့
ကျွန်တော့်ရဲ့ဘဝကြင်ဖော်ကို ရှာခဲ့ပါတယ်။
ဟော အခုတော့တွေ့နေပါပြီ။ တွေ့တာ”

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

အိုဆာဆူနာကို လေးဂိုးပြတ်အနိုင်ရခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့

စပိန်လာလီဂါပွဲစဉ်(၉)အဖြစ် အောက်တိုဘာ ၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အိုဆာဆူနာအသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ကိုးမိနစ်နဲ့ ၅၄ မိနစ်တို့မှာ ဘယ်လင်ဂမ်ကနှစ်ဂိုး၊ ပွဲကစားချိန် ၆၅ မိနစ်နဲ့ မိနစ် ၇၀ တို့မှာ ဗီနီစီးယပ်ဂျူနီယာကနှစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိ ဘယ်လင်ဂမ်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဒေါ့မွန်အသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၈၈ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပြိုင်ပွဲစုံ ၁၀ ပွဲကစားပြီးချိန်မှာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူထားသူလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အိုဆာဆူနာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာလီဂါပွဲစဉ် ကိုးပွဲကစားပြီးချိန်မှာ ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၂)နေရာက ဂျီရိုနာအသင်းကို နှစ်မှတ်ဖြတ်ကာ ဇယားထိပ်၌ ဦးဆောင်နိုင်ခဲ့ပြီး အိုဆာဆူနာအသင်းကတော့ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၁၀)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ဂျီရိုနာအသင်းက ကာဒစ်ဇ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး မာယော့ကာအသင်းနဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ဆီဗီလာအသင်းနဲ့ ဗယ်လက်ကာနိုအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ကြီးသုံးတိုက်မှ နိုင်ငံခြောက်နိုင်ငံတွင် ကျင်းပမည်

၂၀၃၀ ပြည့်နှစ်မှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ကြီးသုံးတိုက်မှ နိုင်ငံပေါင်းခြောက်နိုင်ငံက ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါပြိုင်ပွဲကို တောင်အမေရိကတိုက်၊ အာဖရိကတိုက်နဲ့ ဥရောပတိုက်တို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ တိုက်ကြီးတစ်တိုက်ထက်ပိုပြီး ကျင်းပတဲ့ ပထမဆုံးကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ်လည်း မှတ်တမ်းဝင်တော့မှာဖြစ်ပါတယ်။ လက်ခံကျင်းပမယ့်နိုင်ငံတွေကတော့ အာဂျင်တီးနားနိုင်ငံ၊ ပါရာဂွေးနိုင်ငံ၊ ဥရုဂွေးနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ စပိန်နိုင်ငံနဲ့ မော်ရိုကိုနိုင်ငံတို့ပဲဖြစ်ပါတယ်။ ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်သုံးပွဲကို ဥရုဂွေးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံနဲ့ ပါရာဂွေးနိုင်ငံတို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကနေ စတင်ပြီး အသင်းပေါင်း ၄၈ သင်းအထိ တိုးမြှင့်ပါဝင်ယှဉ်ပြိုင်ခွင့်ပြုဖို့ စီစဉ်ထားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံနဲ့ ကနေဒါနိုင်ငံတို့က မြို့ပေါင်း ၁၆ မြို့မှာ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။

ဥရုဂွေးအသင်း၊ အာဂျင်တီးနားအသင်း၊ ပါရာဂွေးအသင်း၊ စပိန်အသင်း၊ ပေါ်တူဂီအသင်းတို့ဟာ ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်တာကြောင့် အလိုအလျောက်ဝင်ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။

၂၀၃၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိဖို့ ဆော်ဒီအာရေဗျနိုင်ငံက အဆိုပြုသွားမှာဖြစ်တယ်လို့လည်း ကြေညာထားပြီး အဆိုပြုလွှာတင်သွင်းရမယ့်နောက်ဆုံးရက်ကတော့ အောက်တိုဘာ ၃၁ ရက်ဖြစ်တယ်လို့ သိရပါတယ်။

နယူးကာဆယ်အသင်းနဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တဲ့ ဂွီမာရေ့စ်

ကွင်းလယ်ကစားသမား ဘရူနိုဂွီမာရေ့စ်ဟာ နယူးကာဆယ်အသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၂၅ နှစ်အရွယ် ဂွီမာရေ့စ်ဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက လိုင်ယွန်အသင်းကနေ နယူးကာဆယ်အသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး နယူးကာဆယ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၆၇ ပွဲမှာ သွင်းဂိုး ၁၁ ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဂွီမာရေ့စ်ဟာ စာချုပ်သစ်ချုပ်ဆိုလိုက်ပြီဖြစ်တာကြောင့် နယူးကာဆယ်အသင်းမှာ ၂၀၂၈ ခုနှစ်အထိ ဆက်ရှိနေတော့မှာဖြစ်ပါတယ်။

ဘရာဇီးကြယ်ပွင့် ဂွီမာရေ့စ်ဟာ နှစ်ပေါင်း ၂၀ ကာလအတွင်းမှာ နယူးကာဆယ်အသင်းကို ချန်ပီယံလိဂ်ပထမဆုံးဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဂွီမာရေ့စ်ဟာ ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၄ ပွဲပါဝင်ကစားပေးထားသူဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတဲ့ လီဗာပူးအသင်း

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၈)အဖြစ် အောက်တိုဘာ ၈ ရက်ညပိုင်းမှာ ဘရိုက်တန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအနေနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ဘရိုက်တန်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ အိမ်ရှင်ဘရိုက်တန်အသင်းက ပွဲကစားချိန် မိနစ် ၂၀ မှာ အက်ဒင်ဂရာရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး လီဗာပူးအသင်းက ပွဲကစားချိန် မိနစ် ၄၀ နဲ့ ၄၅ မိနစ်(ပင်နယ်တီ)တို့မှာ မိုဟာမက်ဆာလာက နှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပထမပိုင်းပြီးချိန်မှာ လီဗာပူးအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ မိုဟာမက်ဆာလာဟာ အခုပွဲစဉ်မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၄၄ ဂိုး ရှိသွားပြီဖြစ်ပါတယ်။

ဒုတိယပိုင်းပွဲကစားချိန် ၇၈ မိနစ်မှာ ဘရိုက်တန်အသင်းက ဒွန့်ရဲ့သွင်းဂိုးထပ်မံရရှိခဲ့လို့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်နဲ့ ပွဲပြီးဆုံးခဲ့ရတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ဘရိုက်တန်အသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်(၈)အပြီးမှာ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၁၇ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၃)နေရာမှာပဲ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘရိုက်တန်အသင်းကတော့ အဆင့်(၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အခြားသောပွဲစဉ်တွေဖြစ်တဲ့ ဝက်စ်ဟမ်းအသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေ၊ ဝုလ်ဗာဟမ်တန်အသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် ရလဒ်အသီးသီး ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ကြေးမုံ စာအုပ်စင်



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



ဗုဒ္ဓ၏ဂုဏ်တော်များကို ကြည်ညိုခြင်း

ဘာသာရေး လေ့လာလိုက်စားသူများအတွက် စာရေးသူ ပုလဲဖြူ (ငွါသရောက်) စီစဉ်ရေးသားသည့် ဗုဒ္ဓ၏ဂုဏ်တော်များကို ကြည်ညိုခြင်း စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို ပွားများကြရခြင်းအကျိုးကား များပြားလှသည်။ ရာဂ၊ ဒေါသ၊ မောဟစသော ကိလေသာများသည် စိတ်၏ အညစ်အကြေးများဖြစ်ကြသည်။ သတ္တဝါတို့၏ ပင်ကိုစိတ်သည် ပြိုးပြိုးပြက်ပြက် အရောင်ထွက်၏။ သို့သော် ရာဂဟူသော စိတ်အညစ်အကြေးများကြောင့် ညစ်နွမ်းနောက်ကျိပြီး အရောင်မွဲလာရခြင်းဖြစ်သည်။

ဗုဒ္ဓါနုဿတိဘာဝနာ ပွားများနေသူများသည် ပွားများနေခိုက်တွင် ဘုရားရှင်၏ဂုဏ်တော်များကို အာရုံပြုရသောကြောင့် သဒ္ဓါတရားများ တဖွားဖွား ဖြစ်ပေါ်လာရပေတော့သည်။ လောကတွင် သဒ္ဓါတရားသည် အဓိက ခေါင်းချုပ်၊ အခရာ ဖြစ်သည်။ သဒ္ဓါတရား အားကောင်းလာသည်နှင့် အမြိုက်နိဗ္ဗာန်သို့ပင် မပင်မပန်း အရောက်လှမ်းနိုင်သည်ဖြစ်ရာ သဒ္ဓါတရားအားကောင်းရန် ဗုဒ္ဓ၏ဂုဏ်တော်များကို ဖိဖိစီးစီး ကြည်ညိုကြရန်ပင်ဖြစ်သည်။ ဗုဒ္ဓ၏ဂုဏ်တော်များကို ကြည်ညိုနိုင်စေရန် အဆိုပါစာအုပ်ကို ရေးသားထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၁၉)၊ လမ်း (၄၀)(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၆၀၄၆၈၁၃၈တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။



စက္ကူပန်းနှင့် ကလေးကဗျာများ

ကလေးသူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာရေးသူ ခင်ဘုန်းကျော် စီစဉ်ရေးသားသည့် စက္ကူပန်းနှင့် ကလေးကဗျာများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စက္ကူပန်းခေါင်းစဉ်ဖြင့် စက္ကူပန်းများ ရောင်စုံခြယ်၊ လှမျိုးစုံလှတယ်။ ရောင်စဉ်သွယ်သွယ် လှနိုင်အား၊ ရနံ့ရှားမရှား။ ဘုရားမတင် နတ်မတင်၊ ပန်လည်းမပန်ဆင်။ ခြံဥယျာဉ်တွင်စိုက်ကာထား၊ အလှမက်သူများ။ လိုလားတပ်မက် နှစ်သက်လျှင်၊ ခုပင်ခူးကြည့်ချင်။ လှုမိုက်လိုပင်ရန်မှုကြ၊ ဆူးစူးသွေးယိုကျ။ အလှတမင်းမှုတတ်သူ၊ ဆူးရုံကာကွယ်ယူ။ ခြွေဖျက်သူများ မခူးရ၊ ဆူးနဲ့တွေ့မည်ပ။

ထို့အပြင် ပန်းကလေးများသို့၊ လမြတ်ကဆုန်၊ သုခချမ်းသာ မင်္ဂလာ၊ နှလုံးလှသူ၊ လူငယ်၊ ဆောင်းကြိုငှက်များ၊ ပိုးစုန်းကြူး၊ ဝမ်းစာ၊ ဆုတောင်း၊ သဒ္ဓါစိတ်၊ မေမေသို့၊ သုညတန်ဖိုး၊ ဒါန၊ ကျိုက္ခမီမှတ်တမ်း၊ စွမ်းအား၊ ဆုကြီးပန်၊ ဆင်းရဲခြင်းခြောက်ပါး၊ ရှိခိုးပါ၏၊ စကားထာ၊ ပုံတူပန်းချီ၊ ချစ်သောဧရာဝတီ၊ သားသို့၊ ပိတောက်မေမေ၊ သားတို့သိဖို့၊ လိုက်ချင်လို့၊ သုမေဓာ၊ ကြောင်ရယ် ကြွက်ရယ်၊ စာအုပ်ထဲကလေ့ကလေး စသည့် ကဗျာပုဒ်ရေ ၇၀ ကျော်ကို ကလေးသူငယ်များ ဖတ်ရှုလေ့လာနိုင်စေရန် စာရေးသူက အဆိုပါစာအုပ်တွင် စီစဉ်ရေးသားထားသည်။

စာအုပ်ကို ဦးအောင်မြင့်နိုင်(အမေ့ဥယျာဉ်၊ မြဲ-၀၂၁၂၆)၊ ၂၁ စီ-၄၊ (၅၅) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၅၀၀ သတ်မှတ်ထားသည်။

ရမ္မာဝတီ ရခိုင်သဘာဝဇမ်းကဗျာ

စာရေးသူ ယုဇန (ကျောက်ဖြူ) စီစဉ်ရေးသားသည့် ရမ္မာဝတီ ရခိုင်သဘာဝဇမ်းကဗျာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ကျေးလက်တောရွာနေ လူပျိုအပျိုတို့၏ ခံစားချက်နှလုံးသားမှ ယိုစီးဆင်းလာသော ရသတစ်မျိုးပင်ဖြစ်သည်။ ရှေးအခါက ကျေးလက်နေထိုင်သူတို့သည် စာမတတ်ကြပါ၊ လွန်ခဲ့သော ဆယ်စုနှစ်သုံးစုခန့်က ကျေးလက်ဒေသများတွင် အစိုးရစာသင်ကျောင်း ရွာတိုင်း၊ နယ်တိုင်းမှာပင်မရှိသဖြင့် ယောက်ျားလေးများသည် ဘုန်းကြီးကျောင်းတွင် နေထိုင်ကာ စာသင်ကြသဖြင့် အရေး အဖတ် အတွက် တတ်ကြသော်လည်း မိန်းကလေးများမှာ လုံးဝစာမတတ်ကြပေ။ တချို့ယောက်ျားလေးတို့သည်လည်း ဘုန်းကြီးကျောင်းနှင့် အလှမ်းဝေးကြသည်။

ရမ္မာဝတီ၏ သားပျိုသမီးပျိုများသည် ဒေသဓလေ့စရိုက် ယဉ်ကျေးမှုတစ်မျိုးဖြစ်သည့် ဇမ်းကဗျာကို စပ်ဆိုကြသော်လည်း အလင်္ကာရသကိုတော့ မသိကြ၊ ပါဠိသဒ္ဒါ မြန်မာသဒ္ဒါတို့ကိုလည်း နားမလည်ကြပါ၊ သို့သော် သူတို့၏အတွေ့အကြုံ ဒေသ၏ ဓလေ့စရိုက် ပင်ကိုဝါသနာဗီဇရှိကြသဖြင့် ပြောလိုဆိုလို စီကုံးစပ်ဟပ်လိုသည့် ဇမ်းကဗျာများကို ဟင်ရွက်ခူး၊ ငါးရှာ၊ ထင်းခုတ်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်ကြရာတွင် အခါအားလျော်စွာ ဇမ်းကဗျာများကို စပ်ဆိုကြသည့်အပြင် အပြန်အလှန်သီဆိုကြလေ့ရှိသည်။

စာအုပ်ကို ဦးမြတ်ငွေး(၀၂၅၅၉)၊ ပျိုးခင်းသစ်စာပေ၊ အမှတ် (၂၀၂)၊ မင်းဘာကြီးလမ်း၊ ဘောက်သီးစုရပ်ကွက်၊ စစ်တွေမြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၅၀၀ သတ်မှတ်ထားသည်။

လူငယ် ၁၀၀၊ မေးခွန်း ၁၀၀၊ အဖြေ ၁၀၀

၂၀၂၁ခုနှစ် အမျိုးသားစာပေ(လူငယ်စာပေ)ဆုရ အကြီးကိုကို (ကသာ) စီစဉ်ရေးသားသည့် လူငယ် ၁၀၀၊ မေးခွန်း ၁၀၀၊ အဖြေ ၁၀၀ စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

ကိုဗစ်ရောဂါကပ်ဆိုးကြောင့် တစ်ကမ္ဘာလုံးသေခြင်းတရားနှင့် အလွန်ပင်နီးကပ်နေပြီဆိုသောအသိကြောင့် လူတိုင်း စိတ်နှလုံးညှိုးချုံးလျက်ရှိသည်။

ထိုသို့ လူတိုင်းလူတိုင်း သေခြင်းတရားအတွက် ဆောက်တည်ရာမရဖြစ်နေချိန်တွင် စာရေးသူက လက်ရှိ လူတွေယောက်ယက်ခတ်နေသည့် အပူမီးတွေကို ငါ ဘယ်လိုကူပြီး ငြိမ်းသတ်ပေးရမလဲ ဟူသည့်အတွေးပေါ်လာခဲ့သည်။ ထိုအတွေးကြောင့် စာရေးသူက ငါ စာရေးဆရာပဲ၊ စာပေဟောပြောနေတဲ့သူ တစ်ယောက်ပဲ။ ငါ လူငယ်တွေကို Online ကနေပြီး လူငယ်စကားဝိုင်းဆိုပြီး ဟောပြော ဆွေးနွေးမယ်၊ မေးခွန်းမေးတဲ့သူတွေရှိရင် ဖြေပေးမယ်။ ဒီလို Online စကားဝိုင်း အမေးအဖြေလုပ်နေတာ အချိန်တစ်နာရီကြာရင် သေခြင်းတရားကို ငါလည်း တစ်နာရီ မေ့ထားနိုင်ပြီ၊ ပါဝင်နားထောင်တဲ့သူတွေလည်း တစ်နာရီမေ့မယ်။ စကားဝိုင်းနှစ်နာရီကြာရင် သေခြင်းတရားကို နှစ်နာရီ မေ့ထားနိုင်ကြမယ်။ လူတွေရဲ့ အပူသောကမီးတွေကို ငါ တတ်နိုင်သမျှ ငြိမ်းအေးအောင် လုပ်မယ်ဆိုသည့်စိတ်နှင့် စကားဝိုင်း ၁၀၀ ကျော်အထိ ပြုလုပ်ခဲ့သည်။

စာအုပ်ကို အကြီးကိုကိုစာပေ၊ အမှတ်(၂၅၇)၊ အေးစေတီရပ်၊ မြစ်ကြီးနားမြို့။ ဖုန်း-၀၉ ၂၄၀၁၆၃၉နှင့် ၀၉ ၇၈၀၆၈၅၇၈၉တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။



မှတ်တမ်းမရေးထားသော နှလုံးသားထဲကပုံရိပ်များ(တတိယတွဲ)

စာရေးသူ U Myint Maung TZnine စီစဉ်ရေးသားသည့် မှတ်တမ်းမရေးထားသောနှလုံးသားထဲကပုံရိပ်များ (တတိယတွဲ) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူက စာဖတ်သူများ ကုန်ကျစရိတ်များပြားမည်ကို အလေးထားကာစဉ်းစားပါသည်။ မိမိအနေဖြင့်လည်း တစ်တွဲပြီးမှတစ်တွဲ ထုတ်ဝေမည်ဖြစ်၍ များစွာချိန်ဆရပါသည်။ အဘက်ဘက်မှ ချိန်ဆပြီးနောက် လေးနှစ်နီးပါး အားပေးဖတ်ရှုလာသည့် စာဖတ်ပရိသတ်များ၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန် ဆုံးဖြတ်ခဲ့သည်။ မှတ်တမ်းမရေးထားသည့် မိမိမှတ်မိသမျှ အကြောင်း အချက်များကို မျိုးဆက်သစ်များအတွက် မှတ်တမ်းဖြစ်စေရန်လည်း ရည်ရွယ်ပြီး ပထမတွဲကို အရဲစွန့်၍ ထုတ်ဝေခဲ့သည်။

မှတ်တမ်းမရေးထားသော နှလုံးသားထဲကပုံရိပ်များ ပထမတွဲနှင့် ဒုတိယတွဲတို့ကို ဖတ်ရှုကြပြီးဖြစ်၍ စာရေးသူ ဖြတ်သန်းခဲ့သည့် ဖြစ်စဉ်များနှင့် ခေတ်ကာလ၏ တစ်စိတ် တစ်ပိုင်းတို့လည်း သိမြင်ပြီးဖြစ်ပါမည်။ တပ်မတော်သားကောင်းများဖြစ်စေလိုသည့် စေတနာဖြင့် မိမိဖြတ်သန်းခဲ့သည့်အတိုင်း ဖော်ပြခဲ့ခြင်းဖြစ်ရာ ပင်ပန်းဆင်းရဲ ခက်ခဲ ကြမ်းတမ်းမှုများစွာကို ကြုံတွေ့ရမည်ဖြစ်သည်။ နိုင်ငံချစ်စိတ်၊ နိုင်ငံ့သားကောင်းဖြစ်လိုစိတ်မရှိလျှင် ထိုဒုက္ခများကို ခံနိုင်ရည်ရှိကြမည်မဟုတ်ပါ။

စာရေးသူ၏ လက်ဦးဆရာတစ်ဦးဖြစ်သည့် တပ်ကြပ်ကြီး မောင်ကျော်ပြောသည့် "စစ်ထုတ်ထားသည့် စစ်သားကောင်းများ" ဖြစ်ကြပြီး "အမိမြေမှ သားကောင်းများ" ဖြစ်စေလိုပါသည်။

စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း-၀၉ ၅၁၇၆၉၃၆နှင့် မိုးကျော်စာပေ ဖုန်း-၀၉ ၂၅၀၀၂၂၃၀တို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ဖြင့် ဖြန့်ချိသည်။

စာစီလို့မမီ ကမ္ဘာတည်မဲ့အလွမ်း

စာရေးသူ စောမူးသာ စီစဉ်ရေးသားသည့် စာစီလို့မမီ ကမ္ဘာတည်မဲ့အလွမ်း (ကော့မူးရာကိုသက်သေတည်သော် ဇာတ်သိမ်းပိုင်း) ဖြစ်ရပ်မှန်စာစုများ စာအုပ် ထွက်ရှိလာသည်။

ကျွန်တော်သည် ၁၃၅ မျိုးသော တိုင်းရင်းသားမျိုးနွယ်စုများ မှီတင်းနေထိုင်ကြသည့် အမိမြန်မာနိုင်ငံတော်ကြီးနှင့် တပ်မတော်ကို ချစ်သည်။ အတူလက်တွဲကာတိုက်ပွဲဝင်ခဲ့ကြသည့် တပ်ရင်းမှူးအပါအဝင် တိုက်ဖော်တိုက်ဖက်စစ်သည်များကို လွမ်းသည်။ ထို့ကြောင့် ဤစာစုများကို ရေးသားဖြစ်ခဲ့ခြင်းဖြစ်သည်။ စာရေးသူ၏ရင်ထဲတွင် နှစ်ပေါင်း ၃၀ ကျော် မျိုသိပ်ချုပ်တည်း၍ လွမ်းမိခဲ့သည့်ဖြစ်ရပ်များကို သုံးနှစ်နှင့် သုံးလကျော်မျှ စိတ်နှစ်၍ ရေးသားခဲ့သည်။

ယခုအခါ တာဝန်ကြီးပြီးဆုံးသွားသည်ဟု ခံစားရပါသည်။ တာဝန်ကျေပွန်သည်၊ မကျေပွန်သည်ကိုတော့ စာဖတ်ပရိသတ်များကသာ ဆုံးဖြတ်ရမည်ဖြစ်သည်။

စာရေးသူပြောချင်သည်မှာ သူ၏အလွမ်းများသည် နွမ်းရိခွေယိုင်နေသော အလွမ်းများမဟုတ်၊ ဖြူစင်သန့်ရှင်းလန်းဆန်းတက်ကြွသည့် အလွမ်းများဖြစ်သည်ဟုသာ ဆိုလိုချင်ပါသည်။

ဘယ်သူတွေသိသိ မသိသိ မင်းကတော့ သိရမယ်၊ သိလိမ့်မယ်လို့လည်း ငါတို့ယုံကြည်တယ်။ မင်းကို သက်သေတည်ပြီး ငါတို့သစ္စာဆိုမယ်၊ ငါတို့ဆိုတဲ့သစ်ပင်တွေ အကြောင်းကြောင်းကြောင့် ပြိုလဲပျက်စီးပျောက်ဆုံးသွားခဲ့ရင်တောင် မြစ်ကမ်းပါးတွေ၊ မြစ်ကမ်းနားတွေမှာ အသစ်အသစ်နဲ့သစ်ပင်တွေ၊ အချစ်အစစ်နဲ့သစ်ပင်တွေ အဖန်ဖန် ရှင်သန်စိမ်းလန်းဝေဖြာနေကြမယ်လို့ ယုံကြည်ချက်များဖြင့် ရေးသားလိုက်ခြင်းဖြစ်သည်။

စာအုပ်ကို အော်ကျူးမီဒီယာ၊ ဖုန်း-၀၉ ၅၁၇၆၉၃၆နှင့် မိုးကျော်စာပေ၊ ဖုန်း-၀၉၂၅၀၀၂၂၃၀တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ဖြင့် ဖြန့်ချိသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၂၈)(ခဲစင်း)၊ ၁၀၁.Cလမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်ဆွေ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၉၄၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ခင်ကြိုင်[၁၀/မဒန(နိုင်) ၀၁၁၃၀၆]၏ (SPရသူ ဒေါ်မြမြ)က အမှုတွဲအမှတ်(၄၇၁၃/၂၀၂၃-၂၀၂၄)ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၉)၊ ဦးပိုင်အမှတ်(၇၃)၊ ၄၉x၅၀လမ်းကြား၊ ခိုင်ရွှေဝါxမနော်ဟရီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုအရာခံဗိုလ်အောင်ဝင်း[၁၃/လရန(နိုင်)၀၆၈၆၀၀]၏ (SPရသူ ဦးကျော်စိန်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၇၀၃/၂၀၂၂-၂၀၂၃)ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

